# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## နိဗ္ဗာန်ကမ်းတစ်ဖက်သို့

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက် | ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ် (၁၀၇)


## နိုင်ငံရေးအယူအဆကွဲလွဲမှုများကို နိုင်ငံရေးနည်းနှင့်မဖြေရှင်းဘဲ လက်နက်စွဲကိုင်ခဲ့ကြရာက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားနေခြင်းဖြစ်ပြီး တည်ငြိမ်အေးချမ်းမှု မရှိခြင်းကို သတိပြုသင့်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ (၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

**ချစ်ခင်လေးစားအပ်ပါသော ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများ ခင်ဗျား-**

ယနေ့ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်နေ့သည် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့် ကယားတိုင်းရင်းသားများအတွက် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ကယားပြည်နယ်နေ့ ဖြစ်ပါသည်။ ယခုကဲ့သို့ နှစ်သစ်ကူးအခါသမယတွင် ကျရောက်သည့် ကယားပြည်နယ်နေ့၌ ကယားတိုင်းရင်းသားများနှင့် ပြည်ထောင်စုဖွား မိဘပြည်သူများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပြည်နယ်တစ်ခုအဖြစ်ပါဝင်သော ကရင်နီပြည်နယ်ကို ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက် အက်ဥပဒေအရ လူထုဆန္ဒဖြင့် ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်နေ့မှစ၍ ကယားပြည်နယ်အဖြစ် တရားဝင်ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။ ထိုသို့ ကယားပြည်နယ်ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည့် နေ့ရက်ကို **"ကယားပြည်နယ်နေ့"** အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## မင်းဘူး(စကု)မြို့နယ်ရှိ လျှပ်စစ်ရေတင်လုပ်ငန်းနှစ်ခုမှ ယခုနှစ်နွေသီးနှံရာသီတွင် စိုက်ဧကပေါင်း ၁၃၀၀ အတွက် စိုက်ပျိုးရေများ ဖြန့်ဝေပေးသွားမည်

**မင်းဘူး ဇန်နဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)လက်အောက်ရှိ ကမ်းနီလျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့် ကျောက်စံလျှပ်စစ်ရေတင်လုပ်ငန်း နှစ်ခုမှ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါးနှင့် အခြားသီးနှံ ဧကပေါင်း ၁၃၀၀ အတွက် စိုက်ပျိုးရေများကို စတင်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

"ကမ်းနီနဲ့ကျောက်စံ လျှပ်စစ်ရေတင်လုပ်ငန်းနှစ်ခုကနေ ဒီနှစ်နွေသီးနှံ စိုက်ပျိုးရာသီမှာ နွေစပါး၊ နွေနှမ်း၊ နွေပဲတီစိမ်း၊ ဖူးစားပြောင်းနဲ့ အခြားသီးနှံတွေအတွက် စိုက်ပျိုးရေကို ဇန်နဝါရီ ၂၅ ရက်က စတင်ပြီး ရေပေးဝေသွားမှာဖြစ်ပါတယ်။ အခုလို စိုက်ပျိုးရေကို ရာသီမရွေး လုံလောက်စွာ ပေးဝေနိုင်ဖို့၊ မိုတာယူနစ် ကုန်ကျစရိတ်သက်သာအောင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ပံ့ပိုးမှုနဲ့ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာခတ်အားပေးစနစ်ကို *စာမျက်နှာ ၄ ကော်လံ ၁* ❑


**ယနေ့ ဖတ်စရာ**

**ထန်းတပင်မြို့နယ်၌ နွေစပါး လျာထားဧက ၄၇၀၀၀ ကျော်ရှိသည့်အနက် ဧက ၂၄၀၀၀ ကျော် စိုက်ပျိုးပြီးစီး** ပြည်တွင်းသတင်း စာ ၄



**ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့ အပိုင်း(၂)** ဆောင်းပါး စာ ၆

**မြန်မာစံချိန်စံညွှန်းများ သတ်မှတ်ခြင်း** ထုတ်ပြန်ချက် စာ ၁၀

**ဆူဒန်ကျန်းမာရေးကဏ္ဍအတွက် ကမ္ဘာ့ဘဏ်က ကန်ဒေါ်လာ ၈၂ သန်း ကူညီပံ့ပိုး** နိုင်ငံတကာသတင်း စာ ၁၄

# နိုင်ငံသားတိုင်းအတွက် ဥပဒေအသိပညာ

ဥပဒေဆိုသည်မှာ အများပြည်သူတို့ လိုက်နာရန်အတွက် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြဋ္ဌာန်းထားသည့် စည်းမျဉ်းဟူ၍ ဖွင့်ဆိုထားသည်။ သာမန် စည်းမျဉ်းစည်းကမ်းများနှင့် မတူသည့်အချက်မှာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်မှု၊ ဖောက်ဖျက်ကျူးလွန်မှုတို့အတွက် ပြစ်ဒဏ်များ ပါရှိနေခြင်းပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများကို နိုင်ငံသူ နိုင်ငံသားအားလုံးတို့သာမက ယင်းနိုင်ငံ၏ နယ်နိမိတ်အတွင်းရောက်ရှိနေကြသည့် နိုင်ငံသားမဟုတ်သူများပါ လေးစားလိုက်နာကြရသည်။

ဥပဒေများ ရေးဆွဲပြဋ္ဌာန်းကြရသည့် အဓိကရည်ရွယ်ချက်များမှာ နိုင်ငံနှင့် လူ့အဖွဲ့အစည်းတည်ငြိမ်ရေး၊ အေးချမ်းသာယာရေး၊ အကျိုးစီးပွားဖြစ်ထွန်းရေး စသည့်ကောင်းရာကောင်းကျိုးများအတွက်ပင် ဖြစ်သည်။ လူအများ သတိမမူမိကြသည့်အချက်မှာ တရားဥပဒေသည် နေရာတိုင်းတွင် ရှိနေပြီး မိမိတို့၏ နေ့စဉ်လူမှုဘဝများကို စောင့်ရှောက်ပေးနေသည်ဆိုသော အချက်ပင်ဖြစ်သည်။ ဒေသတစ်ခုတွင် တရားဥပဒေထိန်းသိမ်းရေးအဖွဲ့အစည်းများ ပျက်ပြားသွားပြီး တရားဥပဒေစိုးမိုးရေးမဏ္ဍိုင်ကြီး ပြိုလဲသွားသည့်အခါတွင် ယင်းအချက်သည် ထင်ထင်ရှားရှားဖြစ်လာရသည်။ တရားဥပဒေစိုးမိုးမှုကင်းမဲ့သွားသည့် လူ့အဖွဲ့အစည်းသည် ချက်ချင်းပင် တောရိုင်းတိရစ္ဆာန်လောကကဲ့သို့ ကြီးနိုင်ငယ်ညှဥ်း၊ နိုင်သူစား၊ အားကြီးသူသာ ရှင်သန်ရသည့်အခြေအနေသို့ ရောက်ရှိသွားသည်။ ဒေသတွင်းနေထိုင်သူများ၏ ကံကြမ္မာသည် ဒေသကို လွှမ်းမိုးချုပ်ကိုင်ထားသည့် ဂိုဏ်းစတားများ သို့မဟုတ် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အစည်းများ၏လက်ထဲသို့ ကျရောက်သွားပြီး ၎င်းတို့၏ အလိုကျအတိုင်းသာ ရှင်သန်နေထိုင်ကြရသည်။

နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများကို လေးစားလိုက်နာရန် လူတိုင်းတွင် တာဝန်ရှိကြသည့်အလျောက် ဥပဒေ၏ သဘောတရား၊ အများပြည်သူနှင့်ဆိုင်သည့် ဥပဒေများ စသည်တို့လောက်ကို လူတိုင်း တီးမိခေါက်မိ သိရှိနားလည်ထားကြရန်လိုသည်။ ဥပဒေဆိုင်ရာ ဗဟုသုတများ ပြည့်ဝကြရန်လိုသည်။ နိုင်ငံတွင်ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများအားလုံးကို မိမိတို့ မသိရှိကြသည့်တိုင် ဥပဒေ၏ သဘောတရားအရ သိရှိထားပြီးဖြစ်သည်ဟု မှတ်ယူထားသည်။ ဤဥပဒေပြဋ္ဌာန်းထားသည်ကို မိမိတို့ မသိရှိ၊ ဤဥပဒေကို မိမိတို့ နားမလည်ပါသောကြောင့် ထိုအပြစ်ကို ကျူးလွန်မိပါသည် ဟူ၍ ဆင်ခြေပေးမရဟု ဆိုထားရာ ဥပဒေကို လူတိုင်းလေ့လာထားကြရန်၊ ဥပဒေ၏အခြေခံဖြစ်သည့် စည်းကမ်းနှင့်အညီ နေထိုင်သည့်အလေ့အကျင့်ကို ငယ်စဉ်ကပင် စွဲမြဲစွာကျင့်သုံးကြရန် လေ့ကျင့်ပျိုးထောင်ပေးရန်လိုသည်။

ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းများကို ကျောင်းများ၊ အစိုးရဌာနဆိုင်ရာများတွင် ဖွင့်လှစ်ပို့ချခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းများတွင် တွေ့ရှိရသည်။ "မိမိတို့နိုင်ငံသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နေခြင်းဖြစ်သဖြင့် ဥပဒေကို နိုင်ငံသားတိုင်း သိရှိနားလည်လိုက်နာရန် လိုအပ်ပြီး ဥပဒေပညာရပ်များကို ကျယ်ပြန့်စွာ သင်ကြားပေးနိုင်ရေးနှင့် အသိပညာပေးရေးသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ လူတိုင်းလူတိုင်း ဥပဒေပညာရှင်မဖြစ်နိုင်သော်လည်း ဥပဒေပညာကို သိရှိနားလည်ထားမှသာ လူမှုဘဝမြှင့်တင်မှုများတွင် အကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်ကြောင်း" ယမန်နှစ် ဧပြီလ ၂၉ ရက်တွင် ကျင်းပသည့် ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းကျောင်းဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း ဥပဒေအသိပညာ ရှိကြရမည်ဖြစ်သကဲ့သို့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဆောင်ရွက်ရာတွင်လည်း စီမံခန့်ခွဲမှုဆောင်ရွက်သူများက ဥပဒေကို နားလည်တတ်ကျွမ်းပြီး လေးစားလိုက်နာကြရပါမည့်အကြောင်း။ ။




**တိုင်းပြည်သာယာ ဝပြောဖို့**
**ငြိမ်းချမ်းရေးကို တည်ဆောက်စို့**

**တို့ပြည်ထောင်စုတိုင်းရင်းသားများ**
**ညီညွတ်စွမ်းအား ပြည့်ခွန်အား**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၁၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"လက်နက်ကိုင်သောင်းကျန်းသူများ ထိန်းချုပ်ထားတဲ့နယ်မြေမှာ လူ့အခွင့်အရေးချိုးဖောက်နေတဲ့ အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပြည်သူနဲ့နိုင်ငံခြားမှ ထောက်ပံ့လှူဒါန်းမှုတွေ မရတော့တဲ့အတွက် အကြံကုန်ဂဠုန်ဆားချက်ဖြစ်နေတဲ့ PDF"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိမ်အနည်းငယ် ဖြစ်ထွန်း

**နေပြည်တော် ဇန်နဝါရီ ၁၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**


**မြန်မာ့အလင်း**

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | စိုးစိုးနိုင် | **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းမှူး** | - | မြင့်စိုး | **အကြီးတန်း** | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| **စာတည်းများ** | - | ဝင်းကျော်၊ နေဇာဇာထွန်း | **သတင်းထောက်များ** | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **ဘာသာပြန်စာတည်း** | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | **အငယ်တန်း** | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ | **သတင်းထောက်များ** | | |
| **စာပြင်** | - | ဇော်မင်းသန်းနှင့် အဖွဲ့ | **ဓာတ်ပုံသတင်းထောက်** | - | တင်စိုး |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)

**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ယခုထက်ပို၍ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခုဖြစ်ပေါ်လာရန် ပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး၏ စိတ်ဓာတ်နှင့်အင်အားသည် အဓိကဖြစ်

❖ *ရှေ့ဖုံးမှ*

ကယားပြည်နယ်သည် တောတောင်ရေမြေသဘာဝအလှတရားများ၊ မြေပေါ်မြေအောက် သယံဇာတများ ပေါကြွယ်ဝကာ ရိုးရာယဉ်ကျေးမှုအလှများဖြင့် သာယာလှပသော ပြည်နယ်ဖြစ်ပါသည်။ ရာသီဥတုမျှတပြီး ဒေသခံတိုင်းရင်းသားများ၏ ရင်းနှီးဖော်ရွေမှု၊ ရိုးသားပွင့်လင်းမှုတို့သည် ပြည်နယ်၏ နှစ်သက်စွဲလမ်းဖွယ်ရာ ဂုဏ်အင်္ဂါများပင်ဖြစ်ပါသည်။ ထို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူများက ပြည်နယ်အကျိုးကို ဝိုင်းဝန်းဆောင်ရွက်မှုတို့ကြောင့် ဖွံ့ဖြိုးတိုးတက်ပြီး ခိုင်ခိုင်မာမာ ရပ်တည်နိုင်ခဲ့သည့် ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။ ထိုသို့ ရရှိပြီးအခြေခံကောင်းများကို အမိအရဆုပ်ကိုင်၍ ကယားပြည်နယ် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ထာဝရငြိမ်းချမ်းရေးကို သားစဉ်မြေးဆက်ခံစားနိုင်အောင် တည်ဆောက်သွားကြရန် အထူးလိုအပ်နေချိန် ဖြစ်ပါသည်။

မိမိတို့မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေနှင့် ကိုယ်ပိုင်ဘာသာစကားများဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးတို့သည် နိုင်ငံ၏ ဒေသအသီးသီးတွင် ဥမကွဲသိုက်မပျက်၊ စည်းလုံးညီညွတ်စွာ ယှဉ်တွဲ၍ နေထိုင်ခဲ့သော အချုပ်အခြာအာဏာပိုင်နိုင်ငံ ဖြစ်ပါသည်။ ထိုကဲ့သို့ စည်းလုံးညီညွတ်ခဲ့သည့် နိုင်ငံတော်ကြီးကို နယ်ချဲ့အင်္ဂလိပ်တို့သည် ၁၈၂၄ ခုနှစ်ကစ၍ မတရားကျူးကျော်စစ် သုံးကြိမ်ပြုခဲ့ပြီး သူ့ကျွန်ဘဝကို သွတ်သွင်းခဲ့ပါသည်။

ထို့နောက် နယ်ချဲ့တို့သည် တောင်ပေါ်မြေပြန့် တစ်ခုချင်းစီကို ဥပဒေများ ခွဲခြားပြဋ္ဌာန်းပြီး နှစ်ပေါင်းတစ်ရာကျော် ရည်ရွယ်ချက်ရှိရှိဖြင့် သွေးခွဲအုပ်ချုပ်ခဲ့ကြပါသည်။ ပြည်မကို အုပ်ချုပ်ရာတွင်လည်း ကွဲပြားခြားနားမှုများပြားအောင် လုပ်ဆောင်ခဲ့ကြပါသည်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့ လွတ်လပ်ရေးရရှိပြီးစဥ် နိုင်ငံရေးပါတီများ၏ အာဏာလွန်ဆွဲမှု ပြင်းထန်လာခဲ့သည်ကို တွေ့ရှိရပါသည်။ ၁၉၄၈ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့တွင် ဗမာပြည် ကွန်မြူနစ်ပါတီသည် နိုင်ငံရေးသဘောထားကွဲလွဲမှုကို နိုင်ငံရေးနည်းဖြင့် မဖြေရှင်းဘဲ လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ရာမှစ၍ လွတ်လပ်ရေး၏ အနှစ်သာရကို မခံစားရဘဲ နိုင်ငံအဝန်း တိုက်ပွဲများဖြင့် လက်နက်ကိုင်ပဋိပက္ခများ စတင်ခဲ့ပါသည်။ အလားတူ နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှု ပယောဂကြောင့် အချို့တိုင်းရင်းသားများကလည်း အယူဝါဒအမျိုးမျိုးဖြင့် လက်နက်ကိုင်လမ်းစဉ်ကို ဖော်ဆောင်ခဲ့ကြပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ကင်းမဲ့ခဲ့သည်မှာ ယနေ့ကာလအထိ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးနှင့်အတူ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့သည်မှာ နှစ်ပေါင်း (၇၆) နှစ်ကျော်လွန်ခဲ့ပြီဖြစ်၍ လက်နက်ကိုင်ပဋိပက္ခ မည်သည့်အကြောင်းကြောင့် ဖြစ်ပွားနေရသည်ကို ပြန်လည်ဆန်းစစ်ကြည့်ရန် လိုပါသည်။ သမိုင်းကြောင်းကိုသိမှ ပစ္စုပ္ပန်ကာလ၌ အားနည်းချက်များကို သိမြင်ပြီး အနာဂတ်အတွက် အကျိုးဖြစ်ထွန်းမည်ဖြစ်ပါသည်။ နိုင်ငံရေးအယူအဆကွဲလွဲမှုများကို နိုင်ငံရေးနည်းနှင့်မဖြေရှင်းဘဲ လက်နက်စွဲကိုင်ခဲ့ကြရာက ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဖြစ်ပွားနေခြင်းဖြစ်ပြီး တည်ငြိမ်အေးချမ်းမှု မရှိခြင်းကို သတိပြုသင့်ကြပါသည်။

လက်ရှိနိုင်ငံတွင်း၌ ဖြစ်ပေါ်နေသည့် မတည်ငြိမ်မှုများနှင့် ဆူပူအကြမ်းဖက်မှုများမှာ ဒီမိုကရေစီရေးကို ဆောင်ရွက်နေသည်ဟု ဆိုသူများက မဲမသမာမှုများဖြင့် နိုင်ငံတော်အာဏာကို မတရားသဖြင့် ရယူရန်ဆောင်ရွက်ခဲ့ပြီး ဥပဒေနှင့်အညီ ဒီမိုကရေစီနည်းလမ်းကျ ဖြေရှင်းခဲ့ခြင်းမရှိဘဲ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြသောကြောင့်သာ ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးကာကွယ်နေပါသည်ဟုဆိုသော ပြည်ပနိုင်ငံအချို့ကလည်း ဒီမိုကရေစီစနစ်နှင့် ဆန့်ကျင်ဘက်ဖြစ်သည့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အားပေးအားမြှောက်ပြုလုပ်နေကြပါသည်။ ၎င်းတို့မှာ မိမိတို့နိုင်ငံအား သူတို့အလိုကျ ခြယ်လှယ် ချုပ်ကိုင်နိုင်ရန်နှင့် ပြည်သူလူထု၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို နှောင့်နှေးစေပြီး ဒီမိုကရေစီအမည်ခံ အာဏာရှင်စနစ်ကို အားပေးနေခြင်းပင်ဖြစ်သည်ကို သတိပြုမိကြစေလိုပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့ဆန္ဒဖြစ်သည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မလွဲမသွေဆက်လက်လျှောက်လှမ်းသွားရမည် ဖြစ်ပါသည်။ ထိုကဲ့သို့ လျှောက်လှမ်းနိုင်ရန် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်ရေး လိုအပ်သည့် ပြင်ဆင်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမှန်ကိုထုတ်ဖော်နိုင်သည့် လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲကို မဖြစ်မနေ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း အလေးအနက် ပြောကြားလိုပါသည်။ နိုင်ငံတော်အကျိုး၊ တိုင်းရင်းသားပြည်သူလူထု၏ အကျိုးကိုသာ အစဉ်ရှေးရှု ကြိုးပမ်းဆောင်ရွက်ပြီး နိုင်ငံတော်ကြီး ပိုမိုတည်ငြိမ်အေးချမ်းပြီး သာယာဝပြောစေရန်နှင့် စားရေရိက္ခာဖူလုံစေရန် အဓိကထားပြီး တိုင်းရင်းသားပြည်သူများနှင့်အတူ တက်ညီလက်ညီ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

တိုင်းရင်းသားပြည်သူများ၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ နိုင်ငံ့ဝန်ထမ်းများအားလုံး၊ အရပ်ဘက်အဖွဲ့အစည်းများအားလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

> ❑ **နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့ဆန္ဒဖြစ်သည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မလွဲမသွေ ဆက်လက်လျှောက်လှမ်းသွားရမည်ဖြစ်၊ ထိုကဲ့သို့ လျှောက်လှမ်းနိုင်ရန် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကျင်းပနိုင်ရေး လိုအပ်သည့်ပြင်ဆင်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိ၊ မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမှန်ကိုထုတ်ဖော်နိုင်သည့် လွတ်လပ်ပြီးတရားမျှတသည့် အထွေထွေရွေးကောက်ပွဲကို မဖြစ်မနေပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း အလေးအနက်ပြောကြားလို၊ နိုင်ငံတော်အကျိုး၊ တိုင်းရင်းသားပြည်သူလူထု၏ အကျိုးကိုသာ အစဉ်ရှေးရှု ကြိုးပမ်းဆောင်ရွက်ပြီး နိုင်ငံတော်ကြီး ပိုမိုတည်ငြိမ်အေးချမ်းပြီး သာယာဝပြောစေရန်နှင့် စားရေရိက္ခာဖူလုံစေရန် အဓိကထားပြီး တိုင်းရင်းသားပြည်သူများနှင့်အတူ တက်ညီလက်ညီ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်**

ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန် အဓိကကျသည့်အချက်မှာ မိမိတို့တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ကြရေးနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးပင် ဖြစ်ပါသည်။ ယခုလတ်တလော အခြေအနေတွင် ပြည်ပနိုင်ငံများ၏ သွေးထိုးလှုံ့ဆော်မှုများ၊ သဘောထားကွဲလွဲပြီး နိုင်ငံနှင့် ပြည်သူအကျိုးကို မျက်ကွယ်ပြုလုပ်ဆောင်နေသော အချို့အဖွဲ့အစည်းများ၏ ခြေထိုးမှုများ၊ ကျင့်ဝတ်ဖောက်ဖျက်ပြီး နိုင်ငံတော်ကို အန္တရာယ်ချောက်ကမ်းပါးထဲသို့ ဆွဲချနေသည့် မဟုတ်မမှန် လုပ်ကြံသတင်းများ၊ NUG, CRPH, PDF အစရှိသည့် အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးဆောင်စည်းရုံးမှုနှင့် အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသအချို့တွင်ရှိသည့် ပြည်သူလူထုအကြား အသိအမြင်များ မှားပြီး ညီညွတ်မှုများပြိုကွဲကာ မငြိမ်းမချမ်းဖြစ်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။

ကယားပြည်နယ်တွင် မကြာမီကာလက KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လွိုင်ကော်မြို့အပါအဝင် မြို့ရွာများ ထိခိုက်ပျက်စီးခဲ့ရပါသည်။ ပြည်နယ်အတွင်းနေထိုင်သည့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက ကိုယ့်ဒေသကိုယ်ဖျက်ဆီးသည့် လုပ်ရပ်ဖြစ်ပါသည်။ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေး တည်ငြိမ်အေးချမ်းရေးအတွက် ၎င်းဒေသတွင် နေထိုင်သူများကပင် လုပ်ဆောင်ကြရမည်ဖြစ်ပြီး ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု ပျက်စီးစေရန်နှင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် လုပ်ဆောင်မှုများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်မှာလည်း ဒေသခံများပင်ဖြစ်ပါသည်။ အကြမ်းဖက်တိုက်ခိုက်မှုများကို ဒေသခံတိုင်းရင်းသားအဖွဲ့အစည်းများက လုပ်ဆောင်ခြင်းသည် အမျိုးသားရေးစိတ်ဓာတ်ကင်းမဲ့ပြီး လွဲမှားသည့် အတွေးအခေါ် အယူအဆများဖြင့် နိုင်ငံရေးအရ ရင့်ကျက်မှုမရှိခြင်းနှင့် ကိုယ့်ဒေသ၊ ကိုယ့်တိုင်းရင်းသားကို သစ္စာဖောက်ဖျက်ခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံများ၏ လုံခြုံရေးကို ဖျက်ဆီးနေသည့် ဒေသတွင်းနေထိုင်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ဆောင်မှုများ လျော့ပါးစေရေးအတွက် ၎င်းတို့သက်ဆိုးရှည်စေမည့်ကိစ္စရပ်များကို ပြည်သူအားလုံးက ဝိုင်းဝန်းတားဆီး ဆောင်ရွက်ပေးကြစေလိုပါသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် မြို့ရွာများရှိ နေအိမ်များ၌ ဝင်ရောက်နေထိုင်ပြီး ဒေသခံပြည်သူလူထုကို အကာအကွယ်ယူ၍ နှောင့်ယှက်ဖျက်ဆီးတိုက်ခိုက်မှုများ လုပ်ဆောင်ခြင်းဖြစ်၍ ပြည်သူများအနေဖြင့် သတိတရား၊ အသိတရားများဖြင့် ရှောင်ရှားမည်ဆိုပါက သောင်းကျန်းသူ အမြစ်ပြတ်ချေမှုန်းရေးလုပ်ငန်းများကို ပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် အဓိကလိုအပ်ချက်မှာ ပြည်သူများအားလုံး အသိဉာဏ်ပညာ ပြည့်ဝရေးနှင့် အတွေးအခေါ် မှန်ကန်ရေးပင်ဖြစ်ပါသည်။ နိုင်ငံနှင့် ပြည်သူ့အကျိုးကို ပြည်သူများကပင် အသိပညာဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ပြည်သူများ အသိပညာဗဟုသုတပြည့်ဝကြစေရန်နှင့် ပညာပြည့်ဝပြီး လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံသောလူငယ်များ ပေါ်ထွက်လာရေး ပညာရေးကဏ္ဍကို မြှင့်တင်ပေးလျက်ရှိရာ တိုင်းရင်းသားမိဘပြည်သူများက ဝိုင်းဝန်းပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုပါသည်။ မဖွင့်နိုင်သေးသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပရောက်ပြီး ကျောင်းမတက်နိုင်ကြသည့် ကျောင်းသားများ ကျောင်းသို့ ပြန်လည်ရောက်ရှိရေး၊ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေနိုင်ရေးတို့ကို အလေးထားဆောင်ရွက်ပေးကြရန် လိုပါသည်။ သို့မှသာ လူငယ်များ ဗလငါးတန်ပြည့်ဝပြီး ဒေသအကျိုး၊ နိုင်ငံနှင့် လူမျိုးအကျိုးကို ဆောင်ရွက်နိုင်ကြမည် ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူညီအစ်ကို မောင်နှမများခင်ဗျာ –**

ယခုထက်ပို၍ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခုဖြစ်ပေါ်လာရန် ပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး၏ စိတ်ဓာတ်နှင့် အင်အားသည် အဓိကဖြစ်ပါသည်။ နိုင်ငံ၏အားသည် နိုင်ငံအတွင်းမှာရှိသကဲ့သို့ ပြည်နယ်၏ အင်အားသည်လည်း ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး၏ စုပေါင်းအားပင် ဖြစ်ပါသည်။

ပြည်ထောင်စုကြီး အစွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအကြား မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် နိုင်ငံနှင့် ပြည်သူကို ကာကွယ်စောင့်ရှောက်ပေးကြပါ။ နိုင်ငံ၏ အနာဂတ်လူငယ်မျိုးဆက်သစ်များကို တန်ဖိုးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြပါ။ ကယားပြည်နယ်ရှိ တိုင်းရင်းသားများကလည်း အတွေးအခေါ် အယူအဆမှန်ကန်စွာဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် စည်းစည်းလုံးလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်နှင့် ကယားပြည်နယ်တစ်ခုလုံး အေးချမ်းသာယာ၍ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ကာ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားပါစေကြောင်း ဆန္ဒပြုတိုက်တွန်းလျက် ဤသဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တတိယအကြိမ် အစည်းအဝေးကျင်းပ

# ထားဝယ်အထူးစီးပွားရေးဇုန်သည် အရှေ့တောင်အာရှတွင် အရေးပါသည့် ဇုန်တစ်ခုဖြစ်လာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၄**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်း အဖွဲ့၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် တတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ် အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်များ ဝင်ရောက်ခဲ့မှုအခြေအနေ၊ မြန်မာအစိုးရအသိအမှတ်ပြု စုပေါင်းကုမ္ပဏီ (Myanmar Government Designated Entity-GDE) အဖြစ် ဖွဲ့စည်းထားသည့် Kyauk Phyu SEZ Consortium Company Limited နှင့် CITIC Consortium တို့အကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပြီး လုပ်ငန်းများ အောင်မြင်အောင် ဆက်လက်ဆောင်ရွက်ရန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်သည် အရှေ့တောင်အာရှတွင် အရေးပါသည့် ဇုန်တစ်ခု ဖြစ်လာနိုင်သည့်အတွက် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အရှိန်အဟုန်မပြတ် ဆောင်ရွက်ပြီး ရင်းနှီးတည်ထောင်သူနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရေး၊ နိုင်ငံအတွင်း အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးမှုမြန်ဆန်ရေး၊ ရင်းနှီးတည်ထောင်သူနှင့် ရင်းနှီးမြှုပ်နှံသူများအား မြန်မာအထူးစီးပွားရေးဇုန် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးရေးကိစ္စရပ်များကို ပြောကြားသည်။

ဆက်လက်၍ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌက သီလဝါအထူးစီးပွားရေးဇုန်သို့ ရင်းနှီးမြှုပ်နှံမှုအသစ် ဝင်ရောက်လာမှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်လာသည့် အခြေအနေ၊ ပို့ကုန်ကဏ္ဍတိုးမြှင့်တင်ပို့နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မည့် မြန်မာအစိုးရ အသိအမှတ်ပြု စုပေါင်းကုမ္ပဏီ (Myanmar Government Designated Entity Consortium-GDE) ၏ အခြေအနေ၊ စီမံကိန်းဧရိယာနှင့် တည်နေရာ ပိုမိုကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ရေး တရုတ်နိုင်ငံ CITIC ဘက်မှ ကျွမ်းကျင်သူများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီကို အထောက်အကူပြုနိုင်ရန် မြန်မာဘက်မှ ကျွမ်းကျင်သူ ပညာရှင်ဖွဲ့စည်းထားရှိမှု အခြေအနေနှင့် ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရေး၊ ရင်းနှီးတည်ဆောက်သူအသစ်များဖြင့် ဆက်လက်လုပ်ကိုင်နိုင်စေရန်အတွက် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေး ကိစ္စရပ်များကို ပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းက ယခင်ကျင်းပခဲ့သည့် ဒုတိယအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူး စီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ တင်ပြသည့် အမှာစာများကို လည်းကောင်း၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဝင်များက ဇုန်တစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ ရှေ့ဖုံးမှ

အဆင့်မြှင့်တင်ပြီး ဆောင်ရွက်ပေးထားတဲ့အတွက် ဒေသခံတောင်သူတွေရဲ့ စိုက်ပျိုးရေးကဏ္ဍကို အထောက်အကူပြုကာ များစွာအကျိုးဖြစ်ထွန်းစေမှာဖြစ်ပါတယ်”ဟု မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) မှ တာဝန်ခံ ဦးစီးအရာရှိ ဦးစိုးညွန့်လင်းက ပြောသည်။

မင်းဘူး(စကု)မြို့နယ်၌ အဆိုပါလျှပ်စစ်ရေတင်လုပ်ငန်းနှစ်ခုမှ ယခင်နှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး ၃၇၈ ဧကနှင့် အခြားသီးနှံ ၉၄၆ ဧကကို စိုက်ပျိုးရေများ အောင်မြင်စွာ ပေးဝေနိုင်ခဲ့ကြောင်း၊ အလားတူ ၂၀၂၄-၂၀၂၅ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး ဧက ၃၉၀ နှင့် အခြားသီးနှံ ဧက ၉၁၀ စုစုပေါင်း ဧက ၁၃၀၀ ကို လျာထားစိုက်ပျိုးသွားမည်ဖြစ်ပြီး စိုက်ပျိုးရေများ လုံလောက်စွာ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## ဒက္ခိဏသီရိမြို့နယ် အသေးစားနှင့် အလတ်စားစက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၄**

ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ်အတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက အသေးစားနှင့် အလတ်စားစက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများအား မီးဘေးလုံခြုံရေး စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)**



အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒက္ခိဏသီရိ မြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ရာဇာဖြိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စက်ရုံ၊ အလုပ်ရုံများ၏ မီးဘေးလုံခြုံရေးအတွက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း၊ ဝန်ထမ်းများအား မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုနည်း ရှင်းလင်းပြသခြင်း၊ လက်တွေ့ မီးငြိမ်းသတ်စေခြင်း၊ မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ ထားရှိမှု လိုက်လံစစ်ဆေးခြင်း၊ စွန့်ပစ်ပစ္စည်းများ စနစ်တကျ စွန့်ပစ်စေရေးနှင့် စက်ရုံ၊ အလုပ်ရုံ၏ ဘေးပတ်ဝန်းကျင်ကို ပုံမှန်သန့်ရှင်းရေး ပြုလုပ်သွားရန် အကြံပေးပြောကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ထန်းတပင်မြို့နယ်၌ နွေစပါးလျာထားဧက ၄၇၀၀၀ ကျော်ရှိသည့်အနက် ဧက ၂၄၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်း၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါး လျာထားစိုက်ဧက ၄၇၀၀၀ ကျော်ရှိသည့်အနက် ဧက ၂၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

“ထန်းတပင် မြို့နယ်မှာ နွေစပါးလျာထား စိုက်ဧက ၄၇၄၂၅ ဧက ရှိပြီးတော့ လက်ရှိ ဧက ပေါင်း ၂၄၁၅၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လျာထားဧကထက် ကျော်လွန်အောင် စိုက်ပျိုးနိုင်ရေး အတွက်လည်း ကြိုးစား ဆောင်ရွက်လျက်ရှိပါတယ်” ဟု မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးစောဝင်းကိုက ပြောသည်။

တောင်သူများ စပါးစိုက်ပျိုးရာတွင် လုပ်အားကုန်ကျမှုစရိတ်များ၊ မျိုးစေ့နှုန်းထား ကုန်ကျမှုစရိတ်များ သက်သာစေရန်နှင့် စပါးအထွက်နှုန်းများ တိုးတက်လာစေရန်အတွက်လည်း နွေစပါး ဧက ၁၀၀ စံပြစိုက်ခင်းတွင် စိုက်ပျိုးနည်း စနစ်များအား သက်ဆိုင်ရာကွင်းအလိုက် ဒေသခံတောင်သူများကို အသိပညာပေးလက် တွေ့စိုက်ပျိုးပြသပေးလျက်ရှိပြီး နွေစပါးစိုက်ခင်းများ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် လိုက်နာရမည့် နည်းလမ်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက အသိပညာပေး ဆောင်ရွက်လျက်ရှိကာ နည်းပညာ၊ မျိုးကောင်းမျိုးသန့်ရွေးချယ် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးမင်းဟန်စိုး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့်<br>ကြီးကြပ်စစ်ဆေးရေးဌာနကြီး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>ဥက္ကဋ္ဌရုံး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ( ခ ) | ဒေါ်မေခိုင်ဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>ဥက္ကဋ္ဌရုံး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့်<br>ကြီးကြပ်စစ်ဆေးရေးဌာနကြီး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာ သန္တာကြည်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း<br>ဝန်ကြီးဌာန |
| (ခ) | ဒေါက်တာ အောင်ကျော်<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ပညာရေးဝန်ကြီးဌာန |

## တနင်္သာရီတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကော့သောင်းမြို့ Victoria Cliff ဟိုတယ်၌ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး Ms. Ma Jia နှင့် တွေ့ဆုံပြီး မြန်မာ-တရုတ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေမှု၊ လန်ချန်း-မဲခေါင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ၊ လန်ချန်း-မဲခေါင်စီမံကိန်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့ မဉ္ဇူသကခန်းမ၌ ကျင်းပပြုလုပ်သည့် မဲခေါင်- လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၂)ဖြင့် ဆောင်ရွက်သည့် ကံမော်ကြီးကျေးရွာနှင့် ရေင်ကြီးကျေးရွာ ဆိုလာအသေးစားဓာတ်အားပေးစနစ်နှင့် ရေပေးဝေရေးလုပ်ငန်း စီမံကိန်းပြီးမြောက်အောင်မြင်ခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကံမော်ကြီးကျေးရွာနှင့် ရေင်ကြီးကျေးရွာ ဆိုလာအသေးစားဓာတ်အားပေးစနစ် စီမံကိန်းလုပ်ငန်းနှစ်ခုသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၂)၊ ပြည်ထောင်စုရန်ပုံငွေ၊ သက်ဆိုင်ရာကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေတို့ အချိုးကျပူးပေါင်းထည့်ဝင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အစိုးရ-ပြည်သူ-ပုဂ္ဂလိက သုံးပွင့်ဆိုင် လက်တွဲညီညီဆောင်ရွက်မှု စံနမူနာပြ စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ စီမံကိန်းမှ ဆိုလာအသေးစားဓာတ်အားပေးစနစ်ဖြင့် ရေပေးဝေရေးလုပ်ငန်းများကို ဆောင်ရွက်ထားရှိသည့်အတွက် ကျေးရွာ နှစ်ရွာရှိ အိမ်ခြေ ၅၄၀ ခန့်၊ လူဦးရေ ၂၇၀၀ တို့၏ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးများ တိုးတက်လာမည့်အပြင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက တရုတ်-မြန်မာနှစ်နိုင်ငံ မဲခေါင်-လန်ချန်း စီမံကိန်းပူးပေါင်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တနင်္သာရီတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ Mega Global Green Automation ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာက စီမံကိန်းဆောင်ရွက်ခဲ့မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားကြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။




အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးတို့သည် စီမံကိန်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုကြပြီး ပြည်ထောင်စုဝန်ကြီးသည် ကော့သောင်းမြို့နယ်အတွင်းရှိ ကံမော်ကြီး၊ ရေင်ကြီး၊ ဘာလိအော်၊ အောင်မြန်မာ၊ ကံပုံ၊ မှာတမ်း စသည့် ကျေးရွာများမှ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားကာ ဒေသခံတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကော့သောင်းမြို့နယ်ရှိ စူငယ်ဘာလှိုင်း ကျေးရွာအုပ်စု အောင်ဘာကျေးရွာ၌ နိုင်ငံတော်မှ ထောက်ပံ့ရန်ပုံငွေ ၆၀ ရာခိုင်နှုန်း၊ ကုမ္ပဏီမှ ၂၀ ရာခိုင်နှုန်း၊ ပြည်သူထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်းတို့ဖြင့် မဟာဓာတ်အားလိုင်းပြင်ပ ဆိုလာအသေးစားဓာတ်အားပေးစနစ် မီးလင်းရေးလုပ်ငန်းကို ၁၂၀ ဒသမ ၆၄ ကီလိုဝပ်၊ ဒီဇယ် ၂၀၀ ကေဗွီအေ စွမ်းအားထပ်မံတိုးမြှင့် တပ်ဆင်ခြင်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့ အပိုင်း(၂)

**၂၀၂၅ ခုနှစ်သည် စွမ်းအင်ဝန်ကြီးဌာန စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် နှစ်(၄၀) ပြည့် ပတ္တမြားရတုပြည့်မြောက်သည့် နှစ်တစ်နှစ်ဖြစ်သကဲ့သို့ အနာဂတ် စွမ်းအင်ကဏ္ဍအတွက် သမိုင်းမှတ်တိုင်သစ်စိုက်ထူနိုင်မည့် နှစ်တစ်နှစ်ဖြစ်သည့်အတွက် ၂၀၂၅ ခုနှစ်သည် စွမ်းအင်ဝန်ကြီးဌာနအတွက် ထူးခြားသော နှစ်တစ်နှစ်ဖြစ်ပါသည်။**

မောင်သုတ(စွမ်းအင်)



ပြည်တွင်းထုတ်ဓာတ်ဆီအား သုံးစွဲသူပြည်သူများ ဝယ်ယူနေမှုကို တွေ့ရစဉ်။

စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံ၏ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းရှိ ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များ တိုးမြှင့်ရှာဖွေခြင်း၊ ထွက်ရှိလာသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့တို့အား ကုန်ကြမ်းနှင့် လောင်စာအဖြစ် အသုံးပြု၍ နိုင်ငံအတွက် လိုအပ်သည့် ရေနံထွက်ပစ္စည်းများနှင့် ယူရီးယားဓာတ်မြေသြဇာများ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးနှင့် စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် သဘာဝဓာတ်ငွေ့များဖြန့်ဖြူးပေးခြင်း၊ မော်တော်ယာဉ်များအတွက် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့များ ဖြန့်ဖြူးရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အပြင် ပြည်တွင်းစက်သုံးဆီဖူလုံမှုရှိစေရေးနှင့် ပြည်ပမှ စက်သုံးဆီတင်သွင်းနေရမှုအား လျှော့ချဆောင်ရွက်၍ စက်သုံးဆီလိုအပ်ချက်များ အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် ပြည်တွင်းတွင် ရေနံချက်စက်ရုံအသစ်များ တည်ဆောက်ခြင်း၊ လက်ရှိ ရေနံချက်စက်ရုံများကို အဆင့်မြှင့်တင်ခြင်းနှင့် ပြည်ပမှ ရေနံစိမ်းတင်သွင်း၍ အရည်အသွေးမြှင့် စက်သုံးဆီများအား ပြည်တွင်းတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများ ဆောင်ရွက်သွားနိုင်ရေးအတွက် အစီအမံများ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိတွင် ပြည်တွင်းစက်သုံးဆီသုံးစွဲမှု၏ ၉၇ ရာခိုင်နှုန်းခန့်ကို ပြည်ပမှ တင်သွင်းလျက်ရှိပြီး ၃ ရာခိုင်နှုန်းခန့်ကိုသာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါသည်။

၂၀၂၅ ခုနှစ်တွင် ကျရောက်သည့် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်နှင့် ပြည်သူတို့၏ စွမ်းအင်သယံဇာတကို ပြည်သူလူထုထံသို့ လက်ဝယ်ရောက်ရှိရေးအတွက် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း သိုလှောင်ဖြန့်ဖြူးရေးဌာနလက်အောက်ရှိ စက်သုံးဆီအရောင်းဆိုင်များအနက် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အရောင်းဆိုင်အမှတ်(၀၃၅၃)၊ မန္တလေးမြို့ရှိ အရောင်းဆိုင်အမှတ်(၀၆၁၁)နှင့် (၀၆၁၄)တို့တွင် ၄-၁-၂၀၂၅ ရက်နေ့မှစ၍ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ ချက်လုပ်ထွက်ရှိသည့် ပြည်တွင်းထုတ်ဓာတ်ဆီအား ဒေသန္တရပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ပြည်သူလူထုထံ တိုက်ရိုက်ရောင်းချဖြန့်ဖြူးပေးလျက်ရှိပါသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ဟင်းငုတ်ပင်စက်သုံးဆီအရောင်းဆိုင်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်စက်သုံးဆီ အရောင်းဆိုင်များကိုလည်း ဆက်လက်ဖွင့်လှစ်၍လည်းကောင်း၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသများတွင်လည်း ပြည်သူလူထုများမှ ဈေးနှုန်းချိုသာစွာ ပြည်တွင်းထုတ်ဓာတ်ဆီအား တိုက်ရိုက်ဝယ်ယူရရှိနိုင်ရေး စက်သုံးဆီအရောင်းဆိုင်များ ဖွင့်လှစ်၍လည်းကောင်း ရောင်းချပေးသွားရန် စွမ်းအင်ဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်းထုတ်ဓာတ်ဆီ၏ အောက်တိန်းအမှတ်မှာ RON 68 ဖြစ်ပါသည်။

**အောက်တိန်းအမှတ်(Research Octane Number – RON)၏ အကျိုးသက်ရောက်မှု**

အောက်တိန်းအမှတ် (Research Octane Number – RON) ဆိုသည်မှာ အင်ဂျင်အတွင်း၌ ပေါက်ကွဲလောင်ကျွမ်းမှုဖြစ်ချိန်တွင် ဖြစ်ပေါ်လာသည့် ဖိအားဒဏ်နှင့် အင်ဂျင် Knocking တို့အား ခံနိုင်ရည်ရှိမှုတို့အတွက် သတ်မှတ်ချက်ပင်ဖြစ်ပါသည်။ အောက်တိန်းအမှတ် စမ်းသပ်ခြင်းများ မပြုလုပ်မီကာလတွင် ထုတ်လုပ်သော မော်တော်ယာဉ်များ၏ အင်ဂျင်များသည် အင်ဂျင်ခေါက်ခြင်းကို ရှောင်ရှားရန်အတွက် အလွန်နိမ့်သော Compression Ratio ဖြင့် လည်ပတ်စေရန် ဒီဇိုင်းထုတ်ထားပြီး ယင်းတို့၏ စွမ်းဆောင်ရည်ကို ကန့်သတ်ထားရှိပါသည်။ အောက်တိန်းအမှတ်သည် လောင်စာအား ဖိအားပေးချိန်တွင် အလိုအလျောက် မီးထလောင်မှု (Premature Combustion) ခံနိုင်ရည်ပိုမိုမြင့်မားခြင်းနှင့်လည်း တိုက်ရိုက်သက်ဆိုင်မှုရှိကြောင်း တွေ့ရှိရပါသည်။

မော်တော်ယာဉ်များတွင်ပါရှိသော Owner Manual များ၌ အင်ဂျင်ခေါက်နှုန်းကို ကန့်သတ်နိုင်ရန်အတွက် အသုံးပြုရမည့်ဆီတွင် ပါရှိရမည့် အောက်တိန်းအမှတ်အား သတ်မှတ်ထားရှိပါသည်။ အောက်တိန်းအမှတ် မြင့်မားပါက အင်ဂျင်၏ လောင်စာဆီလောင်ကျွမ်းမှု (Fuel Combustion) နှင့် အငွေ့ပြန်မှုနှုန်း(Volatile) မြင့်မားလာပြီး ဆီစားနှုန်း(Fuel Consumption) ပမာဏမြင့်တက်စေနိုင်ပါသည်။ အင်ဂျင်အတွက် သတ်မှတ်ထားရှိသည့် အောက်တိန်းအမှတ်ထက်နိမ့်သော ဓာတ်ဆီအား အသုံးပြုပါက မော်တော်ယာဉ်အင်ဂျင်၏ သက်တမ်းတိုစေနိုင်သကဲ့သို့ အောက်တိန်းအမှတ်ပို၍ မြင့်မားသော ဓာတ်ဆီအား Regular Gasoline အသုံးပြုရမည့် မော်တော်ယာဉ်၌ ထည့်သွင်းအသုံးပြုမိပါက Complete Combustion မဖြစ်နိုင်ဘဲ ဆီစားနှုန်း ပိုမိုဖြစ်ပေါ်စေပြီး မော်တော်ယာဉ်မောင်းနှင်ရာတွင် အခြားသိသာထင်ရှားသည့် စွမ်းဆောင်ရည်များကို ရရှိနိုင်မည်မဟုတ်ပါ။ သို့ဖြစ်၍ မော်တော်ယာဉ်များတွင် သင့်လျော်သည့်ဓာတ်ဆီအား ရွေးချယ်အသုံးပြုတတ်ရန် အလွန်အရေးကြီးပါသည်။

**ဓာတ်ဆီအင်ဂျင်၏ လုပ်ဆောင်ပုံ**


ဓာတ်ဆီအင်ဂျင်ဆိုသည်မှာ လေနှင့် လောင်စာဖြစ်သော ဓာတ်ဆီအရောအနှောကို အင်ဂျင်၏ Piston ထိပ်တွင် ဖိအားပေး၍ Spark Plug မှတစ်ဆင့် Ignition ပြုလုပ်ကာ မီးလောင်မှုကို အစပျိုးပြီး ပါဝါထုတ်ယူသော အင်ဂျင်အမျိုးအစားဖြစ်ပါသည်။ လေနှင့် လောင်စာအရောအနှောအား ဖိအားပိုမိုပေး၍ လောင်ကျွမ်းမှုပြုလုပ်လျှင် အင်ဂျင်ပါဝါပိုမိုရရှိကြောင်း တွေ့ရှိရသည့်အတွက် ဖိအားဖြစ်ပေါ်စေသည့် Compression Ratio ကို မြှင့်တင်၍ ဓာတ်ဆီအင်ဂျင်များကို ဒီဇိုင်းပြုလုပ်တည်ဆောက်လာခဲ့ကြပါသည်။

အင်ဂျင်ဒီဇိုင်းများအပေါ် မူတည်၍ Compression Ratio ပြောင်းလဲမှုရှိသည့်အတွက် Compression Ratio အပေါ်မူတည်၍ စက်သုံးဆီအမျိုးအစားကို သတ်မှတ်သုံးစွဲကြသည်။ သို့ဖြစ်၍ Compression Ratio နှင့် ကိုက်ညီသည့် စက်သုံးဆီအမျိုးအစားများကို ရွေးချယ်သုံးစွဲရမည်ဖြစ်သည်။ ဥပမာအားဖြင့် အောက်တိန်းအမှတ်မြင့်မားသော ဓာတ်ဆီသည် Compression Ratio မြင့်မားသော အင်ဂျင်များတွင် မီးခေါက်သံ(Knocking Sound) ဖြစ်ပေါ်မှုနည်းပါးပြီး အင်ဂျင်စွမ်းဆောင်ရည် ပိုမိုကောင်းမွန်စေပါသည်။

ဓာတ်ဆီအင်ဂျင်များတွင် မီးလောင်ပေါက်ကွဲမှုဖြစ်ပေါ်ချိန်၌ ပုံတွင်ဖော်ပြထားသည့်အတိုင်း အင်ဂျင်၏ Piston သည် သတ်မှတ်နေရာ Top Dead Center(TDC) ရောက်ချိန် Spark Plug ၏ Spark ဖြစ်ပေါ်သောနေရာမှ စတင်မီးလောင်ပေါက်ကွဲမှသာလျှင် အင်ဂျင်၏ အသံကောင်းမွန်၍ စွမ်းဆောင်မှုကောင်းမွန်မည်ဖြစ်ပါသည်။ ထိုသို့ဖြစ်စေရန်အတွက် အင်ဂျင်၏ Compression Ratio မြင့်လာသည်နှင့်အမျှ Gasoline ၏ RON သတ်မှတ်ချက် မြင့်မားလာရန် လိုအပ်ပါသည်။ Compression Ratio မြင့်မားသောအင်ဂျင်တွင် RON နိမ့်သော Gasoline များ အသုံးပြုပါက ပုံတွင်ဖော်ပြထားသည့်အတိုင်း Piston သတ်မှတ်နေရာ Top Dead Center (TDC) မရောက်မီ Premature Combustion ဖြစ်ပေါ်ပြီး မီးခေါက်သံ (Knocking Sound) ထွက်ပေါ်လာနိုင်ပါသည်။ အင်ဂျင်တစ်လုံးတွင် ဝန်နှင့်အားမမျှတသည့် အချိန်အခါမျိုးတွင်လည်း အင်ဂျင်မီးခေါက်သံ ထွက်ပေါ်လေ့ရှိပါသည်။ မီးခေါက်သံထွက်ပေါ်မှုသည် အင်ဂျင်အား ရုတ်တရက်ဆိုးရွားစွာ ထိခိုက်ပျက်စီးခြင်းမျိုး မဟုတ်ဘဲ ရေရှည်တွင် အင်ဂျင်သက်တမ်းလျော့ကျစေမည်ဖြစ်ပါသည်။

*စာမျက်နှာ ၇ သို့*

> **“နိုင်ငံတော်နှင့် ပြည်သူတို့၏ စွမ်းအင်သယံဇာတကို ပြည်သူလူထုထံသို့ လက်ဝယ်ရောက်ရှိရေးအတွက် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း သိုလှောင်ဖြန့်ဖြူးရေးဌာနလက်အောက်ရှိ စက်သုံးဆီအရောင်းဆိုင်များအနက် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အရောင်းဆိုင်အမှတ်(၀၃၅၃)၊ မန္တလေးမြို့ရှိ အရောင်းဆိုင်အမှတ်(၀၆၁၁)နှင့် (၀၆၁၄)တို့တွင် ၄-၁-၂၀၂၅ ရက်နေ့မှစ၍ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ ချက်လုပ်ထွက်ရှိသည့် ပြည်တွင်းထုတ်ဓာတ်ဆီအား ဒေသန္တရပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ပြည်သူလူထုထံ တိုက်ရိုက်ရောင်းချဖြန့်ဖြူးပေးလျက်ရှိ”**



## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းနည်းဥပဒေများထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြု လက်မှတ်များအား ၅ နှစ် သက်တမ်းခွင့်ပြုပေးခဲ့ပါသည်။

၂။ အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေကျပ်တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်း ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၈၆၀၄၇၅၀၊ ၀၁-၈၆၀၄၇၅၁၊ ၀၁-၅၄၄၅၈၃ ၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန



## မော်လမြိုင်မြို့ မြိုင်ရတနာဈေး မီးဘေးကာကွယ်ရေးလေ့ကျင့်

**မော်လမြိုင် ဇန်နဝါရီ ၁၄**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ ဈေးမီးလောင်မှုမဖြစ်ပွားစေရန်နှင့် မီးလောင်မှုဖြစ်ပေါ်ပါက ထိရောက်လျင်မြန်စွာ မီးငြိမ်းသတ်နိုင်ရေးအတွက် ဈေးမီးငြိမ်းသတ်ရေးသဏ္ဍာန်တူလေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့နယ် မြိုင်ရတနာမြို့မဈေးကြီး၌ ဆောင်ရွက်သည်။

မီးငြိမ်းသတ်ရေး သဏ္ဍာန်တူလေ့ကျင့်ခြင်းကို မီးသတ်ယာဉ်များ၊ ရှာဖွေကယ်ဆယ်ရေးယာဉ်များ၊ တပ်ဖွဲ့ဝင်အင်အား ၃၀ နှင့်အတူ စည်ပင်သာယာရေးဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ခံများက မီးငြိမ်းသတ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ခြင်းများကို သရုပ်ပြလေ့ကျင့်ကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်နှင့် အဖွဲ့ဝင်များ၊ဌာနဆိုင်ရာများက ကြည့်ရှုအားပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးကျော်သူက တပ်ဖွဲ့ဝင်များအား သင့် (၄) သင့်ရှိရေး၊ မြန် (၃) မြန်ဖြစ်ရေး အလေးပေးဆောင်ရွက်သွားရန်နှင့် စခန်းအလိုက် အရေးပေါ်ခေါ်ဆိုနိုင်ရေး ထားရှိသော 191 ဖုန်းကို ပြည်သူလူထုအားလုံးသိရှိစေရေး အလေးထား ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

## ပန်းတနော်မြို့နယ်အတွင်း ကျေးလက်လမ်းတံတားဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**ပန်းတနော် ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်အတွင်းရှိ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပန်းတနော်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်းတံတား လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၃ ရက်က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဦးကျော်ကျော်ထွေး အင်ဂျင်နီယာချုပ် (မြို့ပြ)နှင့် အဖွဲ့တို့ ကွင်းဆင်းကြည့်ရှုကာ လုပ်ငန်းများဆောလျင်စွာနှင့် အရည်အသွေးပြည့်မီအောင် ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

အင်ဂျင်နီယာချုပ်(မြို့ပြ)နှင့်အဖွဲ့ဝင်များသည် ပန်းတနော်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် တင်ဒါအောင်ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသော မင်းကုန်းမြောက်-ကျုံတကယ် ကျေးရွာချင်းဆက်လမ်းမြေသားလမ်းဖောက်လုပ်ခြင်းနှင့် ဌာနမှဆောင်ရွက်သည့် ကျုံပတော



ချောင်းကူးတံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုရာ မအူပင်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)၊ ပန်းတနော်မြို့နယ်ဦးစီးအရာရှိ (မြို့ပြ)(တာဝန်) နှင့် အဖွဲ့ဝင်များက လုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**




## အုတ်ဖိုမြို့နယ်၌ အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

**အုတ်ဖို ဇန်နဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အေးမြသာယာကျေးရွာရှိ စက်မှု၊ စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းရှေ့၌ ဆရာ ဆရာမများ၊ ဝန်ထမ်းမိသားစုများ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများအား အသား၊ ငါးနှင့်စားသောက်ကုန်များကို သက်သာသော ဈေးနှုန်းဖြင့် ယနေ့နံနက်က ရောင်းချပေးသည်။


ထိုသို့ ရောင်းချရာတွင် ဆန်၊ ဆီ၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ ဟင်းသီးဟင်းရွက်များကို ကိုယ်တိုင်စိုက်ပျိုးမွေးမြူသူများက သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းဖြစ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဝေလင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးဖြိုးဝေအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **အောင်သူ(အုတ်ဖို)**





Normal Combustion

Premature Combustion





*စာမျက်နှာ ၆ မှ*

### ဓာတ်ဆီအား အခြေခံအားဖြင့် အုပ်စု (၃) မျိုး ခွဲခြားသတ်မှတ်

အောက်တိန်းအမှတ် (RON 90) အောက်ရှိသော ဓာတ်ဆီများကို Regular Gasoline အဖြစ် သတ်မှတ်ကြပြီး မီးစက်များ၊ လယ်ယာသုံး စက်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးယာဉ်များနှင့် မော်ဒယ်နိမ့်သောကားများတွင် အသုံးပြုနိုင်ကြောင်း တွေ့ရှိရပါသည်။ Regular Gasoline များကို Compression Ratio 9:1 ဝန်းကျင်ရှိ ကာဗရက်တာ (Carburettor) တပ်ဆင်ထားသော အင်ဂျင်များတွင် အသုံးပြုရန် သင့်လျော်ကြောင်း တွေ့ရှိရပါသည်။

အောက်တိန်းအမှတ်(RON 91)မှ (RON 93) ဝန်းကျင်ရှိသော ဓာတ်ဆီများကို Premium Gasoline များအဖြစ်သတ်မှတ်ကြပြီး ယင်း Premium Gasoline များကို လက်ရှိအသုံးပြုနေသော မော်ဒယ်မြင့်ကားများတွင် အသုံးပြုလျက်ရှိကြောင်း တွေ့ရှိရပါသည်။ Premium Gasoline များကို Compression Ratio 10:1 မှ 11:1 ဝန်းကျင်ရှိသော EFI Engine များတွင် အသုံးပြုရန် သင့်လျော်ကြောင်း တွေ့ရှိရပါသည်။

အောက်တိန်းအမှတ်(RON 95)အထက်ရှိသော ဓာတ်ဆီများကို Super Premium Gasoline များအဖြစ် သတ်မှတ်ကြပြီး တန်ဖိုးမြင့်ဇိမ်ခံကားအင်ဂျင်များနှင့် ပြိုင်ကားများတွင် အသုံးပြုကြောင်း တွေ့ရှိရပါသည်။ Super Premium Gasoline များကို Compression Ratio 11:1 အထက်ရှိသော Special Purpose Engine များတွင် အသုံးပြုရန် သင့်လျော်ကြောင်း တွေ့ရှိရပါသည်။

Regular Gasoline ၏ Self-ignition အပူချိန်သည် ၄၅၀°C မှ ၅၅၀°C အတွင်းရှိပြီး Premium Gasoline ၏ Self-ignition အပူချိန်သည် ၄၈၀°C မှ ၇၀၀°C အတွင်းရှိသည့်အတွက် Compression Ratio နိမ့်သည့် အင်ဂျင်များတွင် အောက်တိန်းအမှတ်မြင့်သော ဓာတ်ဆီများအား အသုံးပြုမည်ဆိုပါက Complete Combustion မဖြစ်နိုင်ဘဲ အင်ဂျင်၏ စွမ်းဆောင်ရည်မကောင်းခြင်း၊ မီးခိုးထုတ်လွှတ်မှုများခြင်းနှင့် ဆီစားခြင်း စသည်တို့ကိုလည်း ဖြစ်ပေါ်စေပါသည်။ Compression Ratio နိမ့်သောအင်ဂျင်များတွင် အောက်တိန်းအမှတ်မြင့်မားသော ဓာတ်ဆီများအား ထည့်သွင်းအသုံးပြုခြင်းသည် ကုန်ကျစရိတ်များသည့်အပြင် လေထုညစ်ညမ်းမှုကိုပါ ဖြစ်ပေါ်စေနိုင်ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် Compression Ratio နိမ့်သော အင်ဂျင်များတွင် Regular Gasoline ကိုသာ အသုံးပြုသင့်ပါသည်။

ပြည်တွင်းထုတ်ဓာတ်ဆီကို နှစ်ဘီးတပ်နှင့် သုံးဘီးတပ်ယာဉ်များအပြင် အင်ဂျင်ခေါက်နှုန်းအား သီးသန့်ကန့်သတ် ဖော်ပြထားခြင်းမရှိသော မော်တော်ယာဉ်များ၌ အသုံးပြုမည်ဆိုပါက ပိုမိုသင့်လျော်မည်ဖြစ်ပါသည်။ လက်တွေ့အသုံးပြုသူများအတွက်လည်း အကျိုးများစွာရှိနေသည်ဖြစ်ရာ စွမ်းအင်ဝန်ကြီးဌာနမှ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည့် စက်သုံးဆီအရောင်းဆိုင်များတွင် တစ်ပတ်အတွင်း ဝယ်ယူသုံးစွဲသူများ သိသာစွာများပြားလာလျက်ရှိပြီး မော်ဒယ်နိမ့်မော်တော်ယာဉ်များ၊ မီးစက်၊ စက်လှေ စသည့်ယာဉ်ယန္တရားများအတွက်ပါ ရောင်းချပေးပါရန် တောင်းဆိုမှုများရှိလာသည့်အတွက် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စံလုပ်ထုံးလုပ်နည်း (Standard Operating Procedure – SOP)ရေးဆွဲလျက်ရှိပြီး ဖြန့်ဖြူးသွားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိနေပါသည်။

သို့ဖြစ်ပါ၍ ယခုဖွင့်လှစ်ရောင်းချလျက်ရှိသည့် စက်သုံးဆီအရောင်းဆိုင်များမှ ပြည်တွင်းထုတ်ဓာတ်ဆီအား ပြည်သူများအနေဖြင့် ယုံကြည်စွာဖြင့် မိမိတို့၏ ယာဉ်များအတွက် ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်သည့် အခွင့်အရေးတစ်ရပ်အား စွမ်းအင်ဝန်ကြီးဌာနမှ ကြိုးပမ်းဖော်ဆောင်ခဲ့မှုအပေါ်တွင် မုဒိတာပွား၍ တင်ပြလိုက်ရပါသည်။ ။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာအုပ်စုနှင့် အလယ်ကျွန်းကျေးရွာအုပ်စုတို့တွင် ရေကြီးနစ်မြုပ်မှုကြောင့်ဆုံးရှုံးခဲ့သည့် တိရစ္ဆာန်များအတွက် အစားထိုးပြန်လည်ဖြည့်ဆည်းပေးအပ်



**နေပြည်တော် ဇန်နဝါရီ ၁၄**

လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာအုပ်စုနှင့် အလယ်ကျွန်းကျေးရွာအုပ်စုတို့တွင် ရေကြီးနစ်မြုပ်မှုကြောင့် ဆုံးရှုံးခဲ့သည့် တိရစ္ဆာန်များအတွက် အစားထိုးပြန်လည်ဖြည့်ဆည်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပေါက်မြိုင်ကျေးရွာ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူးက ရေကြီးနစ်မြုပ်မှုကြောင့် ဆုံးရှုံးခဲ့သည့် တိရစ္ဆာန်များအတွက် အစားထိုးပြန်လည်ဖြည့်ဆည်းပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက တောင်သူများထံ အစားထိုးပြန်လည်ဖြည့်ဆည်းပေးသော တိရစ္ဆာန်များကို လွှဲပြောင်းပေးအပ်သည့် မှတ်တမ်းလွှာများ ပေးအပ်၍ အစားထိုးပြန်လည်ဖြည့်ဆည်းပေးသည့် ဒေသနွားများ၊ ဆိတ်၊ ကြက်နှင့် ဝက်တို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ဆရာ ဆရာမများနှင့် တွေ့ဆုံပြီး ကျောင်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မတည်ငွေကျပ် ၁၀ သိန်းကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်သည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာအနီး ဆောင်းသီးနှံ မတ်ပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကိုလည်းကောင်း၊ အေလာကျေးရွာအုပ်စု ရွာမကျေးရွာအတွင်းရှိ ဂိုဏ်းထောက်ကျောင်းတိုက်အနီးရှိ ရုံးပင်ချောင်းကမ်းပါးထိန်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဂိုဏ်းထောက်ကျောင်းတိုက်အတွင်း သီတင်းသုံးနေသည့် ဆရာတော် ဘဒ္ဒန္တပညာဝံသအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အေလာကျေးရွာအုပ်စု ဒိုဘီကုန်းကျေးရွာအတွင်းရှိ "အောင်" စက်မှုလက်မှု၊ စပါးနှင့် ပဲအမျိုးမျိုးခြွေလှေ့စက် ထုပ်လုပ်ရေးလုပ်ငန်းမှ ရိတ်သိမ်းခြွေလှေ့စက်များ ထုတ်လုပ်နေမှုကိုလည်းကောင်း၊ ပေါက်မြိုင်ကျေးရွာနေ တောင်သူ ဦးအောင်ကိုထက်၏ ကိုယ်တိုင်ပြုလုပ်သုံးစွဲနေသည့် လက်ဆွဲကောက်စိုက်စက်ကိုလည်းကောင်း၊ အေလာကျေးရွာအုပ်စု စက်ပိုင်းကျေးရွာအနီး နေပြည်တော်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသည့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့် ရုံးပင်ချောင်း (ပလွေးချောင်း) ကမ်းပါးရေတိုက်စားကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဝက္ကမူကျေးရွာအုပ်စု ဝက္ကမူကျေးရွာအနီး ရာဘာရေလွှဲဆည်မှ စိုက်ပျိုးရေပေးဝေနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည့် နေပြည်တော်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅)သို့ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် နေပြည်တော်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက နေပြည်တော်အတွင်း လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးလုပ်ငန်းများနှင့် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရေး ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဝင်များ ပထမအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၄**

၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေး ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဝင်များ ပထမအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက တည်းခိုနေထိုင်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ ကျန်းမာရေး၊ ပြန်ကြားရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် လစ်ဟာမှုများ၊ လွဲချော်မှုများ မရှိစေရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တည်းခိုနေထိုင်ရေးတွင် တစ်ပြေးညီဖြစ်စေရေး၊ လုံခြုံရေးအဖွဲ့များအတွက် နေရာထိုင်ခင်းများ စနစ်တကျရှိစေရေး၊ စားသောက်ရေးတွင် ကျန်းမာရေးနှင့်အညီ ချက်ပြုတ်ပြင်ဆင်ကျွေးမွေးနိုင်ရေး၊ ရာသီဥတုအခြေအနေအရ လိုအပ်သည့်အိပ်ရာထိုင်ခင်းများ လုံလောက်စွာဖြင့် ပြည့်ပြည့်စုံစုံ ပြင်ဆင်ဆောင်ရွက်ပေးနိုင်ရေးတို့ကို သက်ဆိုင်ရာကဏ္ဍများအလိုက် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးသွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသည့် ဆပ်ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက်ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ညောင်ရွှေမြို့နယ် ခေါင်တိုင်ကျေးရွာ၌ အလင်းရောင်စာကြည့်တိုက်ဖွင့်လှစ်

**ညောင်ရွှေ ဇန်နဝါရီ ၁၄**

(၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် ခေါင်တိုင်ကျေးရွာ အလင်းရောင်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ရှမ်းပြည်နယ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းနှင့် ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး မင်းစစ်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် စာကြည့်တိုက်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။



ဆက်လက်ပြီး အခမ်းအနားဒုတိယပိုင်းတွင် ပြည်နယ်လူမှုရေးရာဝန်ကြီးက ကျေးလက်ဒေသတွင် နေထိုင်ကြသည့် ပြည်သူများ အနေဖြင့် အသိပညာ ဗဟုသုတများကို လက်လှမ်းမီ လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်စေရေး၊ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရေးတို့အတွက် ကျေးရွာစာကြည့်တိုက်များကို တည်ထောင်ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီးက စာကြည့်တိုက်အဆောက်အအုံသစ် မှတ်တမ်းအား လွှဲပြောင်းပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာလင်းက လည်းကောင်း၊ စာကြည့်တိုက်အတွက် အလှူငွေကျပ် သိန်း ၂၀ နှင့် သုတ/ရသ စာအုပ်စာစောင် ၁၃၀ ကို အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးကလည်းကောင်း လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အဆိုပါ အလင်းရောင် စာကြည့်တိုက်ကို မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီက ငွေကျပ်သိန်း ၁၅၀ နှင့် ဒေသခံပြည်သူများ၏ ထည့်ဝင်လှူဒါန်းမှုဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တို့ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိကျေးရွာများမှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများအား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရန်ကုန်မြို့မှထွက်ခွာ

**နေပြည်တော် ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိမြစ်ဝကျွန်းပေါ်နေကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ် (စကု)တို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄)ရေတပ်ဗောတံတားမှလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကမ်းရိုးတန်းတစ်လျှောက်မှ မြို့နယ်၊ ကျေးရွာများနှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)သည် ယနေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့အမှတ်(၂)ရေတပ်ဆိပ်ခံတံတား (သန်လျင်)မှလည်းကောင်း အသီးသီး ထွက်ခွာကြရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည် မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) အမှတ်(၂) ရေတပ်ဆိပ်ခံတံတားမှထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်မိသားစုများ ပို့ဆောင်နှုတ်ဆက်စဉ်။

အဆိုပါ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ် (စကု)၊ တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ် (သံလွင်)တို့တွင် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ သူနာပြုစစ်သည်များနှင့် သူနာပြုရဲမေများ လိုက်ပါသွားကာ ဒေသခံပြည်သူများအား ခွဲစိတ်ကုသမှုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး X-Ray ရိုက်ခြင်း၊ Ultrasound ရိုက်ခြင်း၊ ရောဂါဗေဒပါရဂူများဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသခြင်း၊ ECG စက်၊ ဓာတ်မှန်ရိုက်စက်များဖြင့် ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးခြင်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် အရေးပေါ်အခြေအနေ ပေါ်ပေါက်ပါက ဆေးရုံတင်ကုသမှုများ ဆောင်ရွက်ပေးရန် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)ပေါ်တို့တွင် လူနာ ၃၀ အထိလည်းကောင်း၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) ပေါ်တွင် လူနာ ၂၅ ဦးအထိ လည်းကောင်း တင်ဆောင်ကုသနိုင်သည့် ခွဲစိတ်ခန်း၊ သားဖွားမီးယပ်ခန်း၊ စမ်းသပ်ခန်းနှင့် အထူးကြပ်မတ်ကုသဆောင်များလည်း ပါရှိကြောင်း သိရှိရသည်။

တပ်မတော်အထူးကုဆေးအဖွဲ့ဝင်များ ပါဝင်သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့အနေဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် မြစ်ကြောင်းများတစ်လျှောက် ဆေးကုသရန် ခက်ခဲသော ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် (၁၉)ကြိမ်မြောက်ဖြစ်ပြီး (၁၈)ကြိမ်မြောက်အထိ ဒေသခံပြည်သူစုစုပေါင်း ၁၇၈၇၃၅ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိသားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၂၈ ဦးတို့အား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

အလားတူ တပ်မတော်အထူးကုဆေးအဖွဲ့ဝင်များပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် (၁၈)ကြိမ်မြောက်ဖြစ်ပြီး (၁၇)ကြိမ်မြောက်အထိ ဒေသခံပြည်သူစုစုပေါင်း ၁၅၇၀၈၇ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိသားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၂၁ ဦးတို့အား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၄**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Amazing Auto Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် DAYUN YUEHU S1 (VIP EDITION) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Qingdao CRRC Sifang Rolling Stock Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် DONGFENG NISSAN ARIYA အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် UV Automotive Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် HONGQI EQM5 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



### ဆောင်းရာသီတွင် ဖြစ်ပွားလေ့ရှိသော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် အသိပေးနှိုးဆော်ချက် (၁၃-၁-၂၀၂၅)

ဆောင်းရာသီကာလတွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားစေတတ်သော ရာသီတုပ်ကွေးရောဂါပိုးများ၊ ကိုဗစ် - ၁၉ ရောဂါပိုး၊ Human metapneumovirus(HMPV) ရောဂါပိုးစသည့် အဏုဇီဝရောဂါပိုးများ ကူးစက်ဖြစ်ပွားမှုမြင့်တက်လေ့ရှိပြီး ကလေးငယ်များ၊ အသက်အရွယ်ကြီးရင့်သူများနှင့် ကိုယ်ခံအားစနစ် ကျဆင်းနေသူများတွင် ရောဂါပိုမိုပြင်းထန်စွာ ခံစားရစေနိုင်သည်။

**ရောဂါကူးစက်ပုံနည်းလမ်းများ**

- ရောဂါပိုးကူးစက်ခံစားနေရသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှထွက်ရှိသည့် အစက်အမှုန်များ(Droplets) မှတစ်ဆင့် ကူးစက်ခြင်း။
- ရောဂါပိုးကူးစက်ခံစားနေရသူနှင့် အနီးကပ်ထိတွေ့ခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်းမှ တစ်ဆင့်ကူးစက်ခြင်း၊
- ရောဂါပိုးကပ်တင်နေသည့် အရာဝတ္ထုပစ္စည်းများ၊ မျက်နှာပြင်များအား လက်ဖြင့်ထိမိပြီး ပါးစပ်၊ နှာခေါင်းနှင့် မျက်စိတို့အား ထပ်ဆင့်ထိမိရာမှ တစ်ဆင့်ကူးစက်ခြင်း။

**ရောဂါလက္ခဏာများ**

- ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ နှာစေးနှာပိတ်ခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူကြပ်ခြင်း၊
- ရောဂါပြင်းထန်ပါက လေပြွန်ရောင်ခြင်း၊ အဆုတ်ရောင်ခြင်း။

**ရောဂါကာကွယ်ရေးနည်းလမ်းများ**

- ရောဂါသံသယလက္ခဏာများ ခံစားရပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ဝတ်ဆင်ခြင်း၊ ဆပ်ပြာနှင့်ရေ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်ဖြင့် စနစ်တကျလက်ဆေးခြင်း၊ နှာချေ၊ ချောင်းဆိုးပါက နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံအောင်ဖုံးအုပ်ခြင်း၊ အခြားသူများနှင့် ခပ်ခွာခွာနေခြင်း။

လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်ပွားမှု မြင့်တက်လျက်ရှိသော ပြည်ပနိုင်ငံများသို့ သွားရောက်မည့်သူများအနေဖြင့် ရောဂါကူးစက်ခံရမှုမရှိစေရေး သတိပြုကာကွယ်ကြရန်နှင့် မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် သံသယလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ စောစီးစွာ သွားရောက်ပြသ၍ ကုသမှုခံယူကြရန် ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# မြန်မာစံချိန်စံညွှန်းများသတ်မှတ်ခြင်း

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါစံချိန်စံညွှန်း(၇၀)ခုအား မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်–

**စဉ် မြန်မာစံချိန်စံညွှန်းများ**

၁။ MMS IEC 60901:1996 + AMD1:1997 + AMD2:2000 + AMD3:2004 + AMD4:2007 + AMD5:2011 + AMD6:2014 လျှပ်ငုတ်အစွပ်တစ်ခုပါ မီးချောင်းများ–စွမ်းဆောင်ရည် သတ်မှတ်ချက်များ

၂။ MMS IEC 61215–1:2021 မြေပြင်ပေါ်ရှိဖိုတိုဗိုလ်တစ်မော်ဂျူးများ– ဒီဇိုင်းအရည်အသွေးနှင့် အမျိုးအစားခွင့်ပြုချက် – အပိုင်း ၁– စမ်းသပ်မှု လိုအပ်ချက်များ

၃။ MMS IEC 61727:2004 ဖိုတိုဗိုလ်တစ်စနစ်များ– ပစ္စည်းကိရိယာများ၏ ထိတွေ့အသုံးပြုနိုင်သည့် မျက်နှာပြင်ဆိုင်ရာ ထူးခြားသည့် လက္ခဏာများ

၄။ MMS IEC 61730–1:2023 ဖိုတိုဗိုလ်တစ်မော်ဂျူး ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ အရည်အသွေးပြည့်မီခြင်း – အပိုင်း ၁ – တည်ဆောက်ခြင်းဆိုင်ရာ လိုအပ်ချက်များ

၅။ MMS IEC 61730–2:2023 ဖိုတိုဗိုလ်တစ်မော်ဂျူး ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ အရည်အသွေးပြည့်မီခြင်း – အပိုင်း ၂ – စမ်းသပ်ခြင်းဆိုင်ရာ လိုအပ်ချက်များ

၆။ MMS IEC 62124:2004 သီးခြားတည်ရှိသော ဖိုတိုဗိုလ်တစ်စနစ်များ – ဒီဇိုင်းအတည်ပြုခြင်း

၇။ MMS IEC 62368–1:2023 အော်ဒီယို/ ဗီဒီယို၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ပစ္စည်းကိရိယာ– အပိုင်း ၁ – အန္တရာယ်ကင်းရှင်းရေးလိုအပ်ချက်များ၊

၈။ MMS IEC 62446–1:2016+AMD1:2018 ဖိုတိုဗိုလ်တစ်စနစ်များ– စမ်းသပ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းအတွက်လိုအပ်ချက်များ – အပိုင်း ၁– လျှပ်စစ်ဓာတ်အား ကွန်ရက်ချိတ်ဆက်ထားသောစနစ်များ – မှတ်တမ်းတင်ခြင်း၊ မှန်ကန်သော လည်ပတ်မှုကို စစ်ဆေးရန် စမ်းသပ်ခြင်းနှင့် စစ်ဆေးခြင်း

၉။ MMS IEC 62841–2–1:2017 + AMD1:2021 လျှပ်စစ်မော်တာဖြင့် လည်ပတ်သော လက်ကိုင်ကိရိယာများ၊ ယာဉ်ဖြင့်သယ်ဆောင်နိုင်သော စက်ကိရိယာများနှင့် မြက်ခင်းနှင့် ဥယျာဉ်သုံးစက်ပစ္စည်းများ၊ အန္တရာယ်ကင်းရှင်းရေး– အပိုင်း ၂ – ၁ – လက်ကိုင်လွန်များအတွက် သီးခြားလိုအပ်ချက်များ

၁၀။ MMS IEC 62841–2–3:2020 လျှပ်စစ်မော်တာဖြင့်လည်ပတ်သော လက်ကိုင်ကိရိယာများ၊ ယာဉ်ဖြင့် သယ်ဆောင်နိုင်သော စက်ကိရိယာများနှင့် မြက်ခင်းနှင့် ဥယျာဉ်သုံးစက်ပစ္စည်းများ၊ အန္တရာယ်ကင်းရှင်းရေး– အပိုင်း ၂–၃ – လက်ကိုင်ကျောက်စက်များ၊ အဝိုင်းပုံစံ အရောင်တင်စက်များနှင့် အဝိုင်းပုံစံကော်ဖတ်စားစက်များအတွက် သီးခြားလိုအပ်ချက်များ

၁၁။ MMS IEC 62841–2–4:2014 လျှပ်စစ်မော်တာဖြင့် လည်ပတ်သော လက်ကိုင်ကိရိယာများ၊ ယာဉ်ဖြင့် သယ်ဆောင်နိုင်သော စက်ကိရိယာများနှင့် မြက်ခင်းနှင့် ဥယျာဉ်သုံးစက်ပစ္စည်းများ၊ အန္တရာယ်ကင်းရှင်းရေး– အပိုင်း ၂–၄ – လက်ကိုင်ကော်ဖတ်စားစက်နှင့် အရောင်တင်စက်(အဝိုင်းပုံစံမှအပ)များအတွက် သီးခြားလိုအပ်ချက်များ

၁၂။ MMS IEC 62841–2–5:2014 လျှပ်စစ်မော်တာဖြင့် လည်ပတ်သော လက်ကိုင်ကိရိယာများ၊ ယာဉ်ဖြင့် သယ်ဆောင်နိုင်သော စက်ကိရိယာများနှင့် မြက်ခင်းနှင့် ဥယျာဉ်သုံးစက်ပစ္စည်းများ၊ အန္တရာယ်ကင်းရှင်းရေး– အပိုင်း ၂–၅ –လက်ကိုင်လွှဝိုင်းများအတွက် သီးခြားလိုအပ်ချက်များ

၁၃။ MMS IEC 62841–2–11:2015+AMD1:2018 လျှပ်စစ်မော်တာဖြင့် လည်ပတ်သော လက်ကိုင်ကိရိယာများ၊ ယာဉ်ဖြင့်သယ်ဆောင်နိုင်သော စက်ကိရိယာများနှင့် မြက်ခင်းနှင့်ဥယျာဉ်သုံး စက်ပစ္စည်းများ၊ အန္တရာယ်ကင်းရှင်းရေး– အပိုင်း ၂–၁၁ – လက်ကိုင်တွန်းဆွဲဖြတ်လွှများအတွက် သီးခြားလိုအပ်ချက်များ

၁၄။ MMS IEC 62841–2–14:2015 လျှပ်စစ်မော်တာဖြင့် လည်ပတ်သောလက်ကိုင်ကိရိယာများ၊ ယာဉ်ဖြင့်သယ်ဆောင်နိုင်သော စက်ကိရိယာများနှင့် မြက်ခင်းနှင့် ဥယျာဉ်သုံးစက်ပစ္စည်းများ၊ အန္တရာယ်ကင်းရှင်းရေး– အပိုင်း ၂–၁၄ – လက်ကိုင်ရွှေပေါ်များအတွက် သီးခြားလိုအပ်ချက်များ

၁၅။ MMS IEC 62841–2–17:2017 လျှပ်စစ်မော်တာဖြင့် လည်ပတ်သော လက်ကိုင်ကိရိယာများ၊ ယာဉ်ဖြင့်သယ်ဆောင်နိုင်သော စက်ကိရိယာများနှင့် မြက်ခင်းနှင့် ဥယျာဉ်သုံးစက်ပစ္စည်းများ၊ အန္တရာယ်ကင်းရှင်းရေး– အပိုင်း ၂–၁၇ – လက်ကိုင်ပုံဖော်စက်များအတွက် သီးခြားလိုအပ်ချက်များ

၁၆။ MMS IEC 62841–4–2:2017+AMD1:2022 လျှပ်စစ်မော်တာဖြင့်လည်ပတ်သော လက်ကိုင်ကိရိယာများ၊ ယာဉ်ဖြင့်သယ်ဆောင်နိုင်သော စက်ကိရိယာများနှင့် မြက်ခင်းနှင့်ဥယျာဉ်သုံးစက်ပစ္စည်းများ၊ အန္တရာယ်ကင်းရှင်းရေး– အပိုင်း ၄ – ၂ – ချုံနွယ်မြက်ရိတ်စက်များအတွက် သီးခြားလိုအပ်ချက်များ

၁၇။ MMS CXS 57 : 1981, Amended in 2022 ပြုပြင်ထုတ်လုပ်ထားသော ခရမ်းချဉ်သီးအနှစ် စံချိန်စံညွှန်း

၁၈။ MMS CXS 67 : 1981, Amended in 2019 စပျစ်သီးခြောက် စံချိန်စံညွှန်း

၁၉။ MMS CXS 87 : 1981, Amended in 2022 ချောကလက်နှင့် ချောကလက်ထုတ်ကုန်များ စံချိန်စံညွှန်း

၂၀။ MMS CXS 152 : 1985, Amended in 2021 ဂျုံမှုန့်စံချိန်စံညွှန်း

၂၁။ MMS CXS 192 : 1995, Revision 2019 အစားအသောက်ထပ်ဖြည့်ပစ္စည်းဆိုင်ရာ စံချိန်စံညွှန်း

၂၂။ MMS CXS 207 : 1999, Amended in 2018 နို့မှုန့်နှင့် မလိုင်မှုန့် (ခရင်မ်ပေါင်ဒါ) စံချိန်စံညွှန်း

၂၃။ MMS CXS 212 : 1999, Amended in 2022 သကြားစံချိန်စံညွှန်း

၂၄။ MMS CXS 243 : 2003, Amended in 2022 အချဉ်ဖောက်ထားသောနို့များ စံချိန်စံညွှန်း

၂၅။ MMS CXS 249 : 2006, Amended in 2019 အသင့်စားခေါက်ဆွဲ စံချိန်စံညွှန်း

၂၆။ MMS CXS 251 : 2006 , Amended in 2021 အဆီထုတ်နို့နှင့် ဟင်းရွက်ဆီတို့ ရောစပ်ထားသောအမှုန့်စံချိန်စံညွှန်း

၂၇။ MMS CXS 252 : 2006 , Amended in 2021 ဟင်းရွက်အဆီနှင့် အဆီထုတ်ထားသော နို့ဆီအရော စံချိန်စံညွှန်း

၂၈။ MMS CXS 253 : 2006 , Amended in 2018 သုတ်စားစရာ နို့ထွက်ပစ္စည်းအဆီ စံချိန်စံညွှန်း

၂၉။ MMS CXS 260 : 2007, Amended in 2022 အချဉ်ဖောက်ထားသော အသီးများနှင့် ဟင်းသီးဟင်းရွက်များ စံချိန်စံညွှန်း

၃၀။ MMS CXS 262 : 2006 , Amended in 2019 မိုဇာရယ်လာ (Mozzarella) ဒိန်ခဲ စံချိန်စံညွှန်း

၃၁။ MMS CXS 263 : 1966, Amended in 2019 ချက်ဒါ (Cheddar) ဒိန်ခဲစံချိန်စံညွှန်း

၃၂။ MMS CXS 265 : 1966, Amended in 2019 အီဒမ် (Edam) ဒိန်ခဲစံချိန်စံညွှန်း

၃၃။ MMS CXS 266 : 1966, Amended in 2019 ဂေါက်ဒါ (Gouda) ဒိန်ခဲစံချိန်စံညွှန်း

၃၄။ MMS CXS 279 : 1971 , Amended in 2018 ထောပတ် စံချိန်စံညွှန်း

၃၅။ MMS CXS 280 : 1973, Amended in 2018 နို့အဆီဖြင့် ပြုလုပ်ထားသောထုတ်ကုန်များ စံချိန်စံညွှန်း

၃၆။ MMS CXS 281 : 1971, Amended in 2018 နို့စိမ်း စံချိန်စံညွှန်း

၃၇။ MMS CXS 282 : 1971, Amended in 2018 နို့ဆီ စံချိန်စံညွှန်း

၃၈။ MMS CXS 288 : 1976, Amended in 2018 မလိုင်နှင့် ပြုပြင်ထားသောမလိုင်များ စံချိန်စံညွှန်း

၃၉။ MMS CXS 289 : 1995, Amended in 2018 ဝေးပေါင်ဒါ စံချိန်စံညွှန်း

၄၀။ MMS CXS 296 : 2009 , Amended in 2022 ဂျယ်လီနှင့် ယိုမျိုးစုံ စံချိန်စံညွှန်း

၄၁။ MMS CXS 298R : 2009, Amended in 2023 အချဉ်ဖောက်ထားသော ပဲပုပ်အနှစ် စံချိန်စံညွှန်း

၄၂။ MMS CXS 306 : 2023 ငရုတ်ဆီစံချိန်စံညွှန်း

၄၃။ MMS CXS 321 : 2015, Amended in 2022 ဂျင်ဆင်းဖြင့် ပြုလုပ်ထားသော ထုတ်ကုန်များ စံချိန်စံညွှန်း

၄၄။ MMS CXS 354R : 2023 *Bacillus* ဘက်တီးရီးယားနှင့်အချဉ်ဖောက်ထားသော ပဲပုပ်ထုတ်ကုန်များ စံချိန်စံညွှန်း

၄၅။ MMS CXS 355R : 2023 ဖက်ထမင်းစံချိန်စံညွှန်း

၄၆။ MMS 45 : 2024 အစားအသောက်သန့်ရှင်းမှုဆိုင်ရာ လမ်းညွှန်ချက်

၄၇။ MMS UNECE Regulation 94 : 2013 မော်တော်ယာဉ်ခေါင်းချင်းဆိုင်၍ တိုက်သောဖြစ်ရပ်တွင် ယာဉ်ပေါ်ပါသူများကို ကာကွယ်ခြင်းနှင့်စပ်လျဉ်းသည့် တစ်ပြေးညီပြဋ္ဌာန်းချက်ဆိုင်ရာ စည်းမျဉ်းနံပါတ်–၉၄

၄၈။ MMS UNECE Regulation 95 : 2014 မော်တော်ယာဉ်ဘေးဘက်ခြမ်းအား တိုက်သောဖြစ်ရပ်တွင် ယာဉ်ပေါ်ပါသူများကို ကာကွယ်ခြင်းနှင့်စပ်လျဉ်းသည့် တစ်ပြေးညီ ပြဋ္ဌာန်းချက်ဆိုင်ရာ စည်းမျဉ်းနံပါတ်–၉၅

၄၉။ MMS ASEAN Stan 21 : 2011 ငရုတ်သီးစိမ်း စံချိန်စံညွှန်း

၅၀။ MMS WHO Guideline : 2007 ကောင်းမွန်သော တိုင်းရင်းဆေးဝါးထုတ်လုပ်မှုကျင့်စဉ်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်ချက်များ –အပိုင်း(၁)

၅၁။ MMS 46 : 2024 *Myristica fragrans* Houtt. ဇာတိပ္ဖိုလ်

၅၂။ MMS 47 : 2024 *Swertia purpurascens* (D.Don) C.B.Clarke. ပန်းခါး/ရှမ်းဆေးခါး

၅၃။ MMS 48 : 2024 *Tinospora cordifolia* (Willd.) Miers ex Hook.f. & Thomson. ဆင်တုံးမနွယ်

၅၄။ MMS 49 : 2024 *Vitex trifolia* L. ကြောင်ပန်း/ကြောင်ပန်းလေး

၅၅။ MMS 50 : 2024 *Zingiber officinale* Roscoe. ချင်း/ချင်းတက်

၅၆။ MMS 51 : 2024 *Allisum sativum* L. ကြက်သွန်ဖြူ

၅၇။ MMS 52 : 2024 *Alpinia conchigera* Griff. ပတဲကောကြီး

၅၈။ MMS 53 : 2024 *Cinnamomum tamal* (Buch.–Ham) T. Nees & C.H. Eberm.ကရဝေး

၅၉။ MMS 54 : 2024 *Senna alexandrina* Mill. ပွေးကိုင်း

၆၀။ MMS 55 : 2024 *Terminalia citrina* (Gaertn). Roxb. ကြစု

၆၁။ MMS ISO 15 : 2017 Rolling bearings များ –Radial bearings များအတွက် အတိုင်းအတာ ကန့်သတ်ချက်များ၊ ယေဘုယျ တွဲဖက်မှုအစီအစဉ်

၆၂။ MMS ISO 104 : 2015 Rolling bearings များ – Thrust bearings များအတွက် အတိုင်းအတာ ကန့်သတ်ချက်များ၊ ယေဘုယျ တွဲဖက်မှုအစီအစဉ်

၆၃။ MMS ISO 2858 : 1975 ၁၆ ဘား(bar)ရှိသော End–suction Centrifugal Pumps များအတွက် သတ်မှတ်ချက်၊ nominal duty point နှင့် အတိုင်းအတာများ

၆၄။ MMS ISO 5199 : 2002 Centrifugal Pumps များအတွက် နည်းပညာဆိုင်ရာ အသေးစိတ်ဖော်ပြချက်များ (အတန်းအစား –၂)

၆၅။ MMS ISO 9905 : 1994 Centrifugal Pumps များအတွက် နည်းပညာဆိုင်ရာ အသေးစိတ်ဖော်ပြချက်များ (အတန်းအစား –၁)

၆၆။ MMS MTLAS 56 : 2024 မြန်မာနိုင်ငံ တရားဝင်သစ်ဖြစ်ကြောင်း အာမခံသည့်စနစ်

၆၇။ MMS ISO 9328–7 : 2018 ဖိအားဆိုင်ရာအသုံးပြုမှုများအတွက် သံပြားထုတ်ကုန်များ– နည်းပညာဆိုင်ရာပေးပို့မှုအခြေအနေများ – အပိုင်း၇ – စတိန်းလက်စ်စတီး (အစွန်းခံသံမဏိများ)

၆၈။ MMS ISO 12540 : 2017 အဆောက်အဦများတွင်အသုံးပြုသော မှန် – ဆိုဒါလိုင်း ဆီလီကိတ်ဖြင့် အားဖြည့်ထားသော ဘေးကင်းရန် စီမံထားသည့်မှန်

၆၉။ MMS ISO 12543–2 : 2021 အဆောက်အဦများတွင်အသုံးပြုသော မှန် – လွှာထပ်မှန်နှင့် ဘေးကင်းရန်စီမံထားသည့် လွှာထပ်မှန်– အပိုင်း ၂ – ဘေးကင်းရန်စီမံထားသည့် လွှာထပ်မှန်

၇၀။ MMS ISO 12543–4 : 2021 အဆောက်အဦများတွင် အသုံးပြုသောမှန် – လွှာထပ်မှန်နှင့် ဘေးကင်းရန်စီမံထားသည့် လွှာထပ်မှန် – အပိုင်း ၄ – ခံနိုင်ရည်ရှိမှုအတွက် စမ်းသပ်ခြင်းနည်းလမ်းများ

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ညောင်လေးပင်ခရိုင်အတွင်း စိုက်ပျိုး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဖြည့်ဆည်း

**ညောင်လေးပင် ဇန်နဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ညောင်လေးပင်ခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ညောင်လေးပင်မြို့နယ် ဝဲဝန်းကျေးရွာအုပ်စု ဘိုင်းဒါး ကျေးရွာ၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဘိုင်းဒါးချောင်းပေါ်တွင် သဘာဝရေစီးအားသုံး ရေတင်စနစ် (Water Wheel) အသုံးပြု၍ ဟင်းသီးဟင်းရွက် အမယ်စုံစိုက်ခင်း ဧက ၅၀ စိုက်ပျိုး အောင်မြင်ဖြစ်ထွန်းနေမှုကို ကွင်းဆင်းကြည့်ရှုအားပေး ပြီး စိုက်ပျိုးရေကို အကျိုးရှိရှိ စနစ်တကျသုံးစွဲရန်၊ ဟင်းသီးဟင်းရွက်၊ စွန့်ပစ်ပစ္စည်းများဖြင့် တိရစ္ဆာန် အစာနှင့် သဘာဝမြေသြဇာအဖြစ် ပြန်လည်သုံးစွဲကြ ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ညောင်လေးပင်မြို့နယ် စံတွင်းကုန်း ကျေးရွာရှိ တစ်ကွင်းတစ်ဆက်တည်း ပဲတီစိမ်းစံပြ စိုက်ခင်းဧက ၂၅၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေ မှုကို ကွင်းဆင်းကြည့်ရှုပြီး နိုင်ငံ့စီးပွားမြှင့်တင် ရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်း အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသော ဦးဝင်းဌေး၏ ကာကီကင်း ဘဲကောင်ရေ ၁၀၀၀ နှင့် ဒေသကြက်ကောင်ရေ ၃၀၀၀ မွေးမြူထားရှိမှုအား ကွင်းဆင်းကြည့်ရှုအားပေးကာ အသားစားသုံးမှုဖူလုံစေရေး ဒေသဆိတ်နှင့် ဒေသ နွား ထပ်မံတိုးချဲ့မွေးမြူနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဘိုင်းဒါးကျေးရွာရှိ ဟင်းသီးဟင်းရွက် ကုန်စိမ်းဒိုင် များအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဟင်းသီး ဟင်းရွက်များကို စားသုံးသူထံ လတ်ဆတ်စွာ အမြန်ဆုံး ရောက်ရှိစေရေး၊ သယ်ယူပို့ဆောင်မှု ကြန့်ကြာမှုမရှိ စေရေးနှင့် ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ အရောင်းဆိုင်များတွင် လက်လီအဆင့်ဆင့်မရှိဘဲ ကုန်စည်ဒိုင်ဈေးအတိုင်း ရောင်းချနိုင်ရေး ချိတ်ဆက် ဆောင်ရွက်ပေးပြီး ဘိုင်းဒါးကျေးရွာရှိ MSMEs



လုပ်ငန်းရှင် ဦးအောင်မျိုး၏ ဖိုးရွှေလမုန့်မျိုးစုံ လုပ်ငန်းသို့ သွားရောက်၍ ဒေသတွင်း ပို့ကုန်အဆင့် တွင် ရပ်မနေဘဲ ပြည်ပပို့ကုန်အဆင့်အထိ မျှော်မှန်း ဆောင်ရွက်ရန်၊ ထုပ်ပိုးမှုစနစ်များ အဆင့်မြှင့်တင် ရန်၊ အစားအစာထုတ်လုပ်မှု ဘေးကင်းလုံခြုံရန်နှင့် FDA ထောက်ခံချက်ရရှိနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ချင်းပြည်နယ်ဝန်ကြီးချုပ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဘုန်းတော်ကြီးကျောင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေပေးအပ်

**ဟားခါး ဇန်နဝါရီ ၁၄**



နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ် ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိ သည့် ဘုန်းတော်ကြီးကျောင်းနှင့် ဘုရားကျောင်းများ တည်ဆောက် ပြုပြင်ခြင်းလုပ်ငန်းများအတွက် ရန်ပုံငွေပေးအပ်ခြင်း အခမ်းအနား ကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီက ဟားခါးမြို့ ချင်းပြည်နယ် ဝန်ကြီးချုပ်ရုံးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်၊ ပြည်နယ်ဝန်ကြီး များ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေး မှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း နယ်စပ် ဒေသဖွံ့ဖြိုးရေး ပြည်နယ်ရန်ပုံ ငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဘုန်းတော်ကြီးကျောင်း၊ ဘုရား ကျောင်းများမှ ဆရာတော်များနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

ဦးစွာ သိက္ခာတော်ရ ဆရာ တော်၏ ဆုတောင်းခြင်းဖြင့် အခမ်းအနား စတင်ဖွင့်လှစ်ပြီး နောက် ချင်းပြည်နယ်ဝန်ကြီးချုပ် က နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အားလုံးကို ဟန်ချက်ညီညီ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ ဖွံ့ဖြိုး တိုးတက်မှု အားနည်းသည့် နယ်စပ်ဒေသများကို ဖွံ့ဖြိုး တိုးတက်ရေးအတွက် အလေး ထား ဆောင်ရွက်လျက်ရှိကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်နှင့် ချင်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ညွှန်ကြား ရေးမှူး ဦးဆွေလင်းမြင့်တို့က နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုး များ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၏ မူဝါဒ၊ လုပ်ငန်းစဉ်များနှင့် ချင်း ပြည်နယ်အတွင်း ဆောင်ရွက်နေ သည့် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအနက် ဘာသာ၊ သာသနာ ထွန်းကားပြန့်ပွားရေး ဆိုင်ရာ ဆောင်ရွက်မှုအခြေ အနေများကို ရှင်းလင်းတင်ပြ ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီး ချုပ်နှင့် လုံခြုံရေးနှင့်နယ်စပ် ရေးရာဝန်ကြီးတို့က ဘုန်းကြီး ကျောင်းနှင့် ဘုရားကျောင်းများ အတွက် ဘဏ္ဍာရန်ပုံငွေများ ပေးအပ်ရာ သက်ဆိုင်ရာ ဆရာ တော်များနှင့် တာဝန်ရှိသူများက လက်ခံရယူကြကာ အခမ်းအနား တက်ရောက်လာကြသည့် အသင်း တော်များကိုယ်စား ဆရာတော် တစ်ပါးက ကျေးဇူးတင်စကား ပြောကြားပြီး ဆရာတော်များ နှင့် အသင်းတော်တာဝန်ရှိသူများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်နယ် ဝန်ကြီးများက ဆွေးနွေးတင်ပြ လိုသည့်အချက်များကို ရှင်းလင်း တင်ပြကြပြီး တင်ပြချက်များ အပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေး၍ နိဂုံးချုပ် အမှာစကား ပြောကြားကာ သိက္ခာတော်ရ ဆရာတော်၏ ဆုတောင်းခြင်းဖြင့် အခမ်းအနား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ချောင်းဆုံ အသေးစားလုပ်ငန်းရှင်များသမအသင်းမှ ကျောက်သင်ပုန်းအခြေခံထုတ်ကုန်ပစ္စည်းများထုတ်လုပ်

**ချောင်းဆုံ ဇန်နဝါရီ ၁၄**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ အသေးစားလုပ်ငန်းရှင်များသမဝါယမ အသင်းလီမိတက်မှ ကျောက်သင်ပုန်းအရွယ်စုံနှင့် ကျောက်သင်ပုန်း နာရီ၊ ကျောက်ထွင်းရုပ်ပုံများ၊ စာတန်းပါကျောက်သင်ပုန်းများ၊ ကျောက်တံများနှင့် ခဲသွေးကျောက်များထုတ်လုပ်နေမှုအခြေအနေ ကို ပြည်နယ်သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးသည် ပြည်နယ်ဦးစီးအရာရှိ၊ မြို့နယ်ဦးစီးအရာရှိတို့နှင့်အတူ ကျောက်သင် ပုန်း ထုတ်လုပ်ရာလုပ်ငန်းခွင်(မုဒ္ဒန်းကျေးရွာ)သို့ ယနေ့တွင် ကွင်းဆင်း ကြည့်ရှုခဲ့ပြီးနောက် အသင်းအမှုဆောင်များ၊ အသင်းသားများနှင့်တွေ့ဆုံ ၍ ကျောက်သင်ပုန်းထုတ်လုပ်ရာတွင် လိုအပ်ချက်များအပေါ် ဆွေးနွေး ညှိနှိုင်းဆောင်ရွက်သည်။

အသေးစားလုပ်ငန်းရှင်များ သမဝါယမအသင်းလီမိတက်အနေဖြင့် ကျောက်သင်ပုန်းလုပ်ငန်း၊ သံပန်းစတီးလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ ခေါက်ဆွဲ ... ဓနိဖူးခြောက်လုပ်ငန်းများ လုပ်ကိုင်သည့် အသင်းသားလုပ်ငန်းရှင် ၂၀ ဖြင့် ပါဝင်ဖွဲ့စည်းထားသည့်အသင်းဖြစ်ပြီး ပြည်နယ်နိုင်ငံ့စီးပွားမြှင့်တင် ရေးရန်ပုံငွေမှ ပံ့ပိုးငွေကျပ်သိန်း ၃၀ ကို ရယူဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်းမှ တစ်လလျှင် ပျမ်းမျှစုစုပေါင်းတန်ဖိုးငွေကျပ် ၁၈၆ သိန်းတန်ဖိုးရှိ ကျောက်သင်ပုန်းပစ္စည်းများထုတ်လုပ်၍ ချောင်းဆုံ၊ မော်လမြိုင်၊ ရန်ကုန်၊ ပဲခူးနှင့် မန္တလေးဈေးကွက်များသို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**







# မြစပယ်စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းသို့ သွင်းအားစုများ ပေးအပ်

**မြောင်းမြ ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မဒေါ့ပင် ကျေးရွာရှိ မြစပယ်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမ အသင်းသို့ မြို့နယ်သမဝါယမဦးစီးဌာနမှ စိုက်ပျိုး ရေးသွင်းအားစုပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့တွင် ရွှေပြည်အေးကျောင်းတိုက် ဓမ္မာရုံ၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒာညွန့်က မြစပယ်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသို့ သွင်းအားစုများထုတ်ပေးခြင်း လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီးနောက် ငွေကျပ် ၄၂ ဒသမ ၅၄၉ သန်းတန်ဖိုးရှိ သွင်းအားစုပစ္စည်းများ လွှဲပြောင်း ပေးအပ်သည်။ အဆိုပါအခမ်းအနားသို့ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ သွင်းအားစုလုပ်ငန်းမြို့နယ်အဆင့် ကော်မတီဝင်များ၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ပြည့်ဝဆီများကို
တတ်နိုင်သမျှလျှော့စား၍
အသွင်ပြောင်းဆီများ
စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ပါ

# ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ဆုနှင်းသဘင်ကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၁၄**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၏ KG+12 စနစ်သစ်တက္ကသိုလ်ဝင်တန်းကို ဖြေဆိုအောင်မြင်ခဲ့ပြီး ဝင်ခွင့်သတ်မှတ်ချက်များနှင့်ကိုက်ညီ၍ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) ပထမနှစ်သင်တန်းသို့ဝင်ခွင့်ရ မောင်မယ်သစ်လွင်များ ကြိုဆိုပွဲနှင့် သင်တန်းနှစ်အလိုက် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၄ ရက်က ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) ကို ၂၀၀၀ ပြည့်နှစ် ဩဂုတ် ၁၅ ရက်တွင် အစိုးရကွန်ပျူတာကောလိပ်အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် တက္ကသိုလ်အဆင့်အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ရာ ယခုဆိုလျှင် သက်တမ်း ၂၄ နှစ်ကျော်ခဲ့ပြီဖြစ်ပြီး ကွန်ပျူတာသိပ္ပံဘွဲ့၊ ကွန်ပျူတာနည်းပညာဘွဲ့၊ ဘွဲ့လွန်ကွန်ပျူတာဒီပလိုမာဘွဲ့ နှင့် မဟာဘွဲ့ရ ၁၅၅၅ ဦးအား မွေးထုတ်ပေးခဲ့ကြောင်း၊ ယခုလက်ရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၈၂ ဦး တက်ရောက်ပညာသင်ကြားနေသည့်အတွက် များစွာဂုဏ်ယူမိကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် IT နည်းပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်အောင် ကြိုးစား၍ ဆန်းသစ်တီထွင်မှုများကိုလည်း ဆက်လက်ကြိုးပမ်း ဖော်ထုတ်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) သင်တန်းနှစ်အသီးသီးမှ ထူးချွန်ဆုရကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် အဖွဲ့ဝင်များက ဆုများချီးမြှင့်ပေးကြသည်။ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) ကျောင်းသား ကျောင်းသူများက ရှမ်းတိုင်းရင်းသားရိုးရာ(တိုးနယား)အက၊ ပအိုဝ်းတိုင်းရင်းသားရိုးရာအကများဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) အတွက် ရေသန့်စက်နှင့် ကျောင်းသား ကျောင်းသူများအတွက် အားကစားပစ္စည်းများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ပေးအပ်ခဲ့သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ကြီးမြို့ ရှမ်းပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ရုံးနှင့် ရှမ်းပြည်နယ် အမျိုးသမီးရေးရာရုံး၌ ဖွင့်လှစ်ထားသော ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး၊ ကွတ်ခိုင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ယာယီတိုက်ပွဲရှောင် ဝန်ထမ်းများအတွက် ရုံးဖွင့်လှစ်ထားရှိမှုနှင့် ဝန်ထမ်းမိသားစုနေထိုင်သည့် အခန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## မြို့သစ်မြို့နယ်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်



**မြို့သစ် ဇန်နဝါရီ ၁၄**

မြို့သစ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု၊ တိုင်းဒေသကြီး ငွေလုံးငွေရင်း (ပြင်ထိမ်း)အထွေထွေပိုလျှံရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ဇန်နဝါရီ ၁၃ ရက်က မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းမိုးထိုက်နှင့် ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆလိုင်နေအောင်ဆန်းတို့ ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ စစ်ဆေးရာတွင် လမ်း၊ တံတားများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီအောင် အလေးထားဆောင်ရွက်ရန်၊ လုပ်ငန်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

**ကိုဇော်(ပြန်/ဆက်)**

## ကျောက်တန်းမြို့နယ်၌ မီးခိုးမြူငွေ့အန္တရာယ် ဝိုင်းဝန်းစုပေါင်းဒို့ကာကွယ် အသိပညာပေး ဟောပြော

**ရန်ကုန် ဇန်နဝါရီ ၁၄**

ကျောက်တန်းမြို့နယ် ကြံပင်စံပြကျေးရွာ၌ ကျေးရွာနေပြည်သူများအား "မီးခိုးမြူငွေ့အန္တရာယ် ဝိုင်းဝန်းစုပေါင်း ဒို့ကာကွယ်" အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ခိုင်စိုးက ကျေးရွာနေပြည်သူများအား "မီးခိုးမြူငွေ့ အန္တရာယ် ဝိုင်းဝန်းစုပေါင်း ဒို့ကာကွယ်" ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောခြင်းနှင့် PM 2.5 အကြောင်းသိကောင်းစရာ မမြင်နိုင်သော လူသတ်သမား အသိပညာပေး ဗီဒီယိုကလစ် ပြသခြင်းတို့ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ သန်လျင်ခရိုင် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုဆပ်ကော်မတီဝင်ဌာနများဖြစ်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနများမှ တာဝန်ရှိသူများက မီးခိုးမြူငွေ့အန္တရာယ် မဖြစ်ပေါ်စေရေးအတွက် လိုက်နာရန် နည်းလမ်းများကို အသိပညာပေး ဆွေးနွေးကြသည်။

ယင်းနောက် ဆက်စပ်ဌာနများနှင့် ပြည်သူများအား ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ပြီး ကျေးရွာအတွက် အမှိုက်အမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်နိုင်ရန် အမှိုက်ပုံးများ ပေးအပ်လှူဒါန်းကြသည်။ **အောင်မြင့်(ပြန်/ဆက်)**

## တပ်ကုန်းမြို့နယ် ဇရပ်ကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ဆင့်မအကြိမ် ထုတ်ချေး

**တပ်ကုန်း ဇန်နဝါရီ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇရပ်ကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ဆင့်မအကြိမ် ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ထုတ်ချေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ ကျေးရွာမြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။ ထို့နောက် ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် များက ဇရပ်ကြီးကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား အသင်းသူ ၁၆၂ ဦးအတွက် ဆင့်မအကြိမ်မြောက် အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၅၈ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၂၂





## တောင်ငူမြို့၌ မီးခိုးမြူငွေ့အန္တရာယ်အကြောင်း အသိပညာပေးဟောပြော

**တောင်ငူ ဇန်နဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ယမန်နေ့မွန်းလွဲပိုင်းက တောင်ငူမြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၌ မီးခိုးမြူငွေ့အန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးယဉ်ဦးမောင်က အသိပညာပေးဟောပြောပွဲ ဆောင်ရွက်ရသည့် ရည်ရွယ်ချက်၊ မီးခိုးမြူငွေ့အဓိကဖြစ်ပေါ်နိုင်သည့် အကြောင်းများ၊ မီးခိုးမြူငွေ့ ညစ်ညမ်းမှုကြောင့်ဖြစ်ပွားနိုင်သော ကျန်းမာရေးဆိုင်ရာထိခိုက်မှုများနှင့် လိုက်နာရမည့်အချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဦးစီးမှူး ဦးကျော်စွာဝင်းက သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာမှုများကို ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရန် အမျိုးသမီးများသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်ကို သိရှိစေလိုသော ရည်ရွယ်ချက်ဖြင့် "အမျိုးသမီးနှင့်သဘာဝပတ်ဝန်းကျင်"အကြောင်း အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများမှတစ်ဆင့် မိဘဆွေမျိုး အိမ်နီးချင်းများသို့ အသိပညာပြန်လည်မျှဝေပေးရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး PM 2.5 အကြောင်း သိကောင်းစရာ အသိပညာပေး ဗီဒီယိုပြသခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ချည်မျှင်ရှည်ဝါ Grade ခွဲခြားဝယ်ယူရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲနှင့် ဝါစုပေါင်း ရောင်းချပွဲကျင်းပ

**ရမည်းသင်း ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝါသီးနှံစိုက်ပျိုးသည့် တောင်သူများအား ချည်မျှင်ရှည်ဝါ Grade ခွဲခြားဝယ်ယူရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၄ ရက်က ရွှေဒါးသာစည်အုပ်စု တိုးပွားကြီးဝါကြိတ်စက်ရုံ၌ ကျင်းပသည်။



ဦးစွာ ရမည်းသင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မြင့်က ဝါသီးနှံလျာထားချက် ပြည့်မီအောင် စိုက်ပျိုးရေးနှင့်အထွက်နှုန်းကောင်းမွန် ဆွေးနွေးပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးအောင်မျိုးဝေနှင့် မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်တို့က ဝါအထွက်နှုန်း ကောင်းစေရန် မျိုးကောင်းမျိုးသန့် စိုက်ပျိုးရေး၊ သွင်းအားစုများအချိန်မီ သုံးစွဲရန်နှင့် ချည်မျှင်ရှည်ဝါ Grade ခွဲခြားဝယ်ယူခြင်းဆိုင်ရာများကို တောင်သူများအား ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့် ဝါစိုက်တောင်သူများက မျိုးကောင်းမျိုးသန့် ဝယ်ယူရရှိရေးနှင့် သွင်းအားစုများ ထည့်သွင်းအသုံးပြုမှုဆိုင်ရာများကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် ကတင်အုပ်စု၊ ပေါက်အိုင်အုပ်စုနှင့် သိမ်ကုန်းအုပ်စုတို့မှ ဝါစိုက်တောင်သူများ ဝါပိဿာ ၁၅၉၀ စုပေါင်း ရောင်းချရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင် / မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ချည်မျှင်ရှည်ဝါ Grade ခွဲဝယ်ယူမှုကို ကြည့်ရှုအားပေးကြသည်။

ရမည်းသင်းမြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ခုနှစ် ချည်မျှင်ရှည်ဝါ စိုက်ပျိုးရန် မိုးကြိုဝါ ဧက ၂၄၅၀ လျာထားပြီး မိုးဝါ ၃၄၆၆ ဧကနှင့် မိုးနှောင်းဝါ ၄၀၃၆၂ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခရိုင်

(ပြန်/ဆက်)



## ဘိုကလေးမြို့နယ် ဂုံမင်းချောင်းကျေးရွာ သံပေါင်တံတားနှင့် ချဉ်းကပ်လမ်း တည်ဆောက်ခြင်းလုပ်ငန်းကို တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ဘိုကလေး ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဂုံမင်းချောင်းကျေးရွာ သံပေါင်တံတားနှင့် ချဉ်းကပ်လမ်းကို ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်လျက်ရှိရာ အဆိုပါ သံပေါင်တံတားနှင့် ချဉ်းကပ်လမ်းတည်ဆောက်နေမှုများကို တာဝန်ရှိသူများက ဇန်နဝါရီ ၁၃ ရက်တွင် ကွင်းဆင်းစစ်ဆေးကြည့်ရှုသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေး၊ ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်လင်းနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးသည်။

မိုးစက်(ဘိုကလေး)

## လပွတ္တာမြို့နယ်၌ မီးဘေးအန္တရာယ်ကြုံတွေ့လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် မီးငြိမ်းသတ်နည်း သရုပ်ပြ

**လပွတ္တာ ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်သည့် မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ခြင်းနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစစ်ဆေး



ဆောင်ရွက်ခြင်းများကို လပွတ္တာမြို့ အမှတ် ၆ ရပ်ကွက်ရှိ ရွှေနဒီဈေး၌ ဇန်နဝါရီ ၁၄ရက်က ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးစိမ်းကိုကိုက မီးသတ်ဆေးဘူး အသုံးပြုပုံကို ရှင်းလင်းပြောကြားခဲ့ပြီး မီးသတ်ဆေးဘူးကို အသုံးပြု၍ မီးငြိမ်းသတ်နည်း၊ ဆီမီးလောင်မှုကို ငြိမ်းသတ်နည်း၊ မီးငြိမ်းသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြခြင်း၊ ဂတ်စ်အိုးအသုံးပြုသူများအနေဖြင့် ဂတ်စ်ပိုက်လိုင်းများ ပြုတ်၍ မီးလောင်မှုမီးလန့်မှုများဖြစ်ပေါ်ပါက မီးငြိမ်းသတ်နည်းကို လက်တွေ့သရုပ်ပြသခဲ့ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူရနှင့်အဖွဲ့ဝင်များ၊ စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်လေးမြမြဦးတို့က ရွှေနဒီဈေးရှိ ဈေးဆိုင်ခန်းများတွင် မီးဘေးလုံခြုံမှုရှိစေရေးအတွက် မီးသတ်ဆေးဘူးထားရှိရန်နှင့် ဈေးဆိုင်ခန်းများတွင် လျှပ်စစ်မီးကြိုးသွယ်တန်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဟိန်းထက်လင်း(ပြန်/ဆက်)

## အခြေခံပညာအထက်တန်းကျောင်း(လှည်းကူး)၌ စာသင်ကျောင်းများ မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်း ဆောင်ရွက်

**လှည်းကူး ဇန်နဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (လှည်းကူး) တွင် ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က အခြေခံပညာအထက်တန်းကျောင်း(လှည်းကူး) အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးခင်ဇော်က အမှာစကား ပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးယုလွင်က ကျောင်းသားကျောင်းသူများအား မီးဘေးအန္တရာယ်အသိပညာပေ ဟောပြောကာ အ.ထ.က(လှည်းကူး)ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်မာက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

ထို့နောက် မီးသတ်ဦးစီးမှူး ဦးယုလွင်နှင့် သန္နေတပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး၊



မီးငြိမ်းသတ်ရေးနည်းစနစ်၊ ဂတ်စ်မီးလောင်မှု ငြိမ်းသတ်ခြင်း၊ ဆီမီးလောင်မှု ငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူး အသုံးပြုငြိမ်းသတ်ခြင်းများကို ကျောင်းသားကျောင်းသူများအား လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လှည်းကူးမြို့နယ်ဦးစီးအရာရှိ ဒေါ်ဥမ္မာလင်း က ဇန်နဝါရီ ၁၄ ရက်တွင် အ.ထ.က(ရဲမွန်) ခန်းမ၌ မီးခိုးမြူငွေ့ ညစ်ညမ်းမှုအကြောင်း သိကောင်းစရာနှင့် PM 2.5 လေထုညစ်ညမ်းမှု မမြင်နိုင်သော လူသတ်သမား ဗီဒီယိုကလစ်တို့ ပြသ၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား အသိပညာပေး ဆောင်ရွက်စဉ်။

သန်းဝင်း(သန်လျင်)

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်း




မှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

# ဂရင်းလန်းနယ်မြေ၏ အနာဂတ်ကို ဂရင်းလန်းပြည်သူများကသာ ဆုံးဖြတ်သွားမည်ဟုဆို




**နူးခ် ဇန်နဝါရီ ၁၄**

အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်၏ မှတ်ချက်များကို သဘောမတူကြောင်း ၎င်း၏သဘောထားကို ဒိန်းမတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ ဂရင်းလန်းဝန်ကြီးချုပ်က ထပ်လောင်းပြောကြားလိုက်သည်။ ထရမ့်က ဂရင်းလန်းကို အမေရိကန်က ပိုင်ဆိုင်သင့်ကြောင်း ထပ်ခါတလဲလဲ ပြောကြားထားသည်။

ဝန်ကြီးချုပ် အက်ဒီက ၎င်း၏ နယ်မြေပိုင်နက်အတွင်း ကာကွယ်ရေးနှင့် တွင်းထွက်သယံဇာတများ တူးဖော်ရေး စသည့်နယ်ပယ်များတွင် အမေရိကန်၊ အခြားနိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရကျွန်းဒေသ၏ အဓိကမြို့ဖြစ်သော နူးခ်၌ ဇန်နဝါရီ ၁၃ ရက် သတင်းစာရှင်းလင်းပွဲတွင် အက်ဒီက သတင်းထောက်များကို ပြောကြားခဲ့သည်။ အမေရိကန်သည် နိုင်ငံ့လုံခြုံရေးအတွက် ဂရင်းလန်းကို ရယူရန် လိုအပ်ကြောင်း ထရမ့်၏ ထပ်ခါတလဲလဲ မှတ်ချက်များ ပေါ်ထွက်လာပြီးနောက် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရခြင်းဖြစ်သည်ဟု ဆိုသည်။

ဂရင်းလန်းပြည်သူများသည် ဒိန်းမတ်လူမျိုး သို့မဟုတ် အမေရိကန်လူမျိုး မဖြစ်ချင်ကြကြောင်း အက်ဒီက ပြောသည်။ ထို့အပြင် ဂရင်းလန်းနယ်မြေ၏ အနာဂတ်ကို ဂရင်းလန်းပြည်သူများကသာ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

ဂရင်းလန်းသည် ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များတွင် ဒိန်းမတ်အပေါ် မှီခိုအားထားနေရကြောင်း သိရသည်။ ဂရင်းလန်းဒေသကို ပိုမိုအရေးပါသော အသံတစ်ခုအဖြစ် နားထောင်လာကြခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း ဝန်ကြီးချုပ် အက်ဒီက ပြောသည်။ စိတ်အေးချမ်းစွာနေထိုင်ရန်၊ အခွင့်အရေးများကို အကောင်းဆုံးအသုံးချရန်နှင့် စည်းလုံးညီညွတ်ကြရန် ၎င်းက ဂရင်းလန်းပြည်သူများအား တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**

## ရဲတပ်ဖွဲ့နှင့် သမ္မတလုံခြုံရေးအစောင့်တပ်ဖွဲ့တို့အကြား ရုန်းရင်းဆန်ခတ်ဖြစ်ပွားခြင်းမှ ရှောင်ရှားသွားမည်

**ဆိုးလ် ဇန်နဝါရီ ၁၄**

တောင်ကိုရီးယားသမ္မတ ယွန်ဆုခ်ယော၏ဦးစီးအရာရှိချုပ်က သမ္မတလုံခြုံရေးအစောင့်တပ်ဖွဲ့နှင့် သမ္မတ ဖမ်းဆီးထိန်းသိမ်းရေးဝရမ်းကို ဖော်ဆောင်ရန် ကြိုးပမ်းနေသည့် ရဲတပ်ဖွဲ့တို့အကြား ရုန်းရင်းဆန်ခတ်ဖြစ်ပွားခြင်းမှ ရှောင်ရှားသွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားလိုက်သည်။

အဆိုပါဦးစီးအရာရှိချုပ် ချောင်ဂျင်ဆွတ်ခ်က ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် အဆိုပါကြေညာချက်ထုတ်ပြန်ခဲ့သည်။ စုံစမ်းစစ်ဆေးရေး ပူးပေါင်းအဖွဲ့တစ်ဖွဲ့သည် ဇန်နဝါရီ ၁၃ ရက်ထက် နောက်မကျဘဲ ဖမ်းဝရမ်းကို အကောင်အထည်ဖော်သွားဖွယ်ရှိကြောင်း ၎င်းက ပြောသည်။

စုံစမ်းစစ်ဆေးသူများသည် မာရှယ်လောထုတ်ပြန်မှုနှင့်ပတ်သက်ပြီး သမ္မတ ယွန်ကို မေးမြန်းမှုများပြုလုပ် လိုနေကြသည်။ ထို့အပြင် ဇန်နဝါရီ ၃ ရက်က သမ္မတ ယွန်ကို ဖမ်းဆီးထိန်းသိမ်းရန် စုံစမ်းစစ်ဆေးသူများ၏ အစောပိုင်းကြိုးပမ်းမှုကို သမ္မတလုံခြုံရေးအဖွဲ့ (ပီအက်စ်အက်စ်)က တားဆီးဟန့်တားခဲ့သည်။

စုံစမ်းစစ်ဆေးသူများသည် ဖမ်းဝရမ်းကို နောက်တစ်ကြိမ် အကောင်အထည်ဖော်ရန် စီစဉ်နေသော်လည်း ပီအက်စ်အက်စ်က ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆန်လျက်ရှိသည်။ ရဲတပ်ဖွဲ့နှင့် ပီအက်စ်အက်စ်တို့အကြား ပဋိပက္ခဖြစ်ပွားလာနိုင်ခြေနှင့်ပတ်သက်ပြီး အလွန်စိုးရိမ်မိကြောင်း ချောင်က ပြောသည်။



ထို့အပြင် နိုင်ငံရေးအကျပ်အတည်းမဖြစ်ပွားစေရန် ပဋိပက္ခဖြစ်ပွားလာနိုင်ခြေအပေါ် တားဆီးဟန့်တားနိုင်သည့် အရာအားလုံးကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ **အင်န်အိတ်ချ်ကေ**

## ဆူဒန်ကျန်းမာရေးကဏ္ဍအတွက် ကမ္ဘာ့ဘဏ်က ကန်ဒေါ်လာ ၈၂ သန်း ကူညီပံ့ပိုး

**ခါတွမ် ဇန်နဝါရီ ၁၄**

ဆူဒန်နိုင်ငံရှိ လူပေါင်း ၅၈သန်းကျော်အတွက် ကျန်းမာရေးဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်လာစေရန် ကမ္ဘာ့ဘဏ်မှရန်ပုံငွေ အမေရိကန်ဒေါ်လာ ၈၂ သန်း ရရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို) နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)က ပြောသည်။

ရန်ပုံငွေများကို အရေးပေါ်ဆေးဝါးများ ပံ့ပိုးရန်၊ ကျန်းမာရေးဝန်ထမ်းများအား သင်တန်းပေးရန်၊ မိခင်၊ ကလေးသူငယ်များကို ကျန်းမာရေးနှင့် အာဟာရဝန်ဆောင်မှုများပေးရန်၊ ပြင်းထန်သောအာဟာရချို့တဲ့သူများကို ကုသရန်၊ ကာကွယ်ဆေးထိုးလုပ်ရှားမှုများ အားကောင်းလာစေရန်နှင့် တိမ်းရှောင်ရေးစခန်းများရှိ အားနည်းသော ကလေးငယ်များနှင့် မိသားစုများအား ပံ့ပိုးပေးရန် အသုံးပြုသွားမည်ဖြစ်သည်။

ဆူဒန်နိုင်ငံရှိ အသက် ငါးနှစ်အောက် ကလေးငယ် ၃ ဒသမ ၄ သန်းမှာ ကူးစက်ရောဂါဖြစ်ပွားမှု အန္တရာယ်အလွန်မြင့်မားနေကြောင်း ယူနီဆက်ဖ်က ခန့်မှန်းထားသည်။ ထို့အပြင် ဆူဒန်နိုင်ငံ လူဦးရေထက်ဝက်ကျော်ဖြစ်သည့် လူပေါင်း ၂၅ သန်းကျော်မှာ စားရေရိက္ခာမလုံလောက်မှုနှင့် ကြုံတွေ့နေကြောင်း ကုလသမဂ္ဂက ပြောသည်။

**ဆင်ဟွာ**

## ရာသီဥတုဆိုးရွားပြီး လေပြင်းများပိုမိုတိုက်ခတ်လာသောကြောင့် လော့စ်အိန်ဂျလိစ်၌ ယခုထက်ပိုမိုဆိုးရွားသော တောမီးလောင်ကျွမ်းမှုအန္တရာယ်နှင့် ရင်ဆိုင်ရနိုင်

**လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁၄**

ရာသီဥတုအေးမြသည့် ကာလအတွင်း တောင်ပိုင်းကယ်လီဖိုးနီးယားဒေသ တစ်လျှောက် လေပြင်း တိုက်ခတ်မှုကြောင့် အလွန်ဆိုးရွား ပြင်းထန်သည့် ရာသီဥတုအခြေအနေကို ဖြစ်ပေါ်စေနိုင်သည့်အတွက် လော့စ်အိန်ဂျလိစ်သည် ယခုထက် ပိုမိုဆိုးရွားသည့်တောမီးလောင်ကျွမ်းမှုအခြေအနေကို ရင်ဆိုင်ရနိုင်ကြောင်း သိရသည်။ လေပြင်းများသည် ဇန်နဝါရီ ၁၅ ရက်အထိ တိုက်ခတ်နိုင်ကြောင်း ခန့်မှန်းထားသည်။

လော့စ်အိန်ဂျလိစ် ဒေသ၌ ဇန်နဝါရီ ၁၃ ရက်တွင် မီးသတ်သမား ထောင်ပေါင်းများစွာသည် တောမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ခဲ့သည်။ တောမီးသည် လွန်ခဲ့သည့် ဇန်နဝါရီ ၇ ရက် ကတည်းက လော့စ်အိန်ဂျလိစ်မြို့ကို စတင်လောင်ကျွမ်းခဲ့သည်။

အလွန်အမင်း ခြောက်သွေ့မှုနှင့် လေပြင်းတိုက်ခတ်မှုများက ပြင်းထန်သည့် တောမီးလောင်ကျွမ်းမှုကို ပိုမိုဖြစ်ပေါ်စေပြီး တောမီးလောင်ကျွမ်းမှုကြောင့် ဧကပေါင်း ၄၀၅၀၀ ခန့်နှင့် အဆောက်အအုံပေါင်း ၁၂၃၀၀ ကျော် ပျက်စီးခဲ့သည်။

ကြောက်မက်ဖွယ်ကောင်းသည့် တောမီးလောင်ကျွမ်းမှုတွင် ပါလီဆာဒက်တောမီးမှာ ၁၄ ရာခိုင်နှုန်းနှင့် အီတန်တောမီး ၃၃ ရာခိုင်နှုန်း ပါဝင်ကြောင်း ကယ်လီဖိုးနီးယား သစ်တောနှင့် မီးဘေးကာကွယ်ရေးဌာန၏ ဖော်ပြချက်အရ သိရသည်။

လော့စ်အိန်ဂျလိစ် ဒေသအတွင်း တောမီးမျိုးစုံလောင်ကျွမ်းမှုကြောင့် ၂၅ ဦးခန့် သေဆုံးခဲ့ပြီး လူဒါဇင်ကျော် ပျောက်ဆုံးလျက်ရှိသည်။




တောမီး လောင်ကျွမ်းမှုကို အကြောင်းပြုပြီး အခွင့်ကောင်းယူရန်ကြိုးစားနေသူများအား အာဏာပိုင်များက စောင့်ကြည့်လျက်ရှိပြီး လုယက်သူများ အပါအဝင် ဒါဇင်နှင့် ချီသည့်သူများအား ဖမ်းဆီးခဲ့ကြောင်း သိရသည်။ ယခုအချိန်တွင် အခွင့်ကောင်းယူသည့် မည်သည့်ရာဇဝတ်သားမဆို ဥပဒေအပြည့်အဝ အသုံးချပြီး အရေးယူသွားမည်ဖြစ်ကြောင်း လော့စ်အိန်ဂျလိစ် ခရိုင်အစိုးရရှေ့နေ နေသန်ဟော့ချ်မင်းနိက ပြော သည်။

**ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**

## (၅)ကြိမ်မြောက် သန်းခေါင်စာရင်း ကောက်ယူရန် လာအိုပြင်ဆင်

**ဗီယင်ကျန်း ဇန်နဝါရီ ၁၄**

(၅)ကြိမ်မြောက် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း စစ်တမ်းကောက်ယူနိုင်ရေး ဦးစားပေးလုပ်ဆောင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများအား လာအိုဒုတိယဝန်ကြီးချုပ်က တိုက်တွန်းပြောကြားလိုက်သည်။ ထို့အပြင် သန်းခေါင်စာရင်းကောက်ယူခြင်းသည် နိုင်ငံ့ထိပ်တန်းဦးစားပေးကိစ္စဖြစ်ကြောင်းနှင့် အားလုံးတက်ကြွစွာ ပူးပေါင်းပါဝင်ကြရန်လည်း ထပ်မံတိုက်တွန်းထားသည်။

ဇန်နဝါရီ ၁၄ ရက်တွင် ကျင်းပပြုလုပ်သော (၅)ကြိမ်မြောက် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး တတိယအကြိမ်မြောက်အစည်းအဝေးတွင် သန်းခေါင်စာရင်းကောက်ယူရာတွင် ဗဟိုအစိုးရ၏လမ်းညွှန်ချက်များနှင့်အညီ ပြည်သူတစ်ရပ်လုံးပါဝင်ရေး အသိပညာပေးဆွေးနွေးမှုများ လုပ်ဆောင်ရန်လည်း လိုအပ်ကြောင်း၊ ထို့အပြင် အချက်အလက်ကောက်ယူခြင်း၏ အရေးကြီးပုံကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများအားလုံး နားလည်သဘောပေါက်ရန်လိုကြောင်းလည်း ဒုတိယဝန်ကြီးချုပ် ကီကီယိုက ပြောသည်။

လေ့ကျင့်သင်တန်းပေးရန်၊ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ သန်းခေါင်စာရင်းကောက်ယူခြင်းနှင့်ပတ်သက်၍ ထိရောက်စွာ ဆောင်ရွက်သွားရန်လည်း ဒုဝန်ကြီးချုပ်က သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ဦးဆောင်ကော်မတီကို ၎င်းက လမ်းညွှန်မှာကြားထားသည်။

လာအိုနိုင်ငံသည် ၁၉၈၅ ခုနှစ်မှစတင်ကာ ဆယ်နှစ်တစ်ကြိမ် လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူကြောင်း သိရသည်။

**ဆင်ဟွာ**

## ညောင်တုန်းမြို့နယ်၌ မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး



**ညောင်တုန်း ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ မီးသတ်ဦးစီးဌာနမှ ပွင့်လင်းရာသီကာလ ရောက်ရှိလာပြီဖြစ်၍ မြို့နယ်အတွင်း မီးဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် မီးဘေးလုံခြုံစိတ်ချရမှု ရှိစေရေးအတွက် တစ်အိမ်တက် ဆင်းလိုက်လံစစ်ဆေး အသိပညာပေးခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက မြို့နယ်အတွင်း ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်တုန်းမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းသူက ဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်း ရပ်ကွက် / ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနိကအဆောက်အဦများ၊ စာသင်ကျောင်း၊ ဈေး၊ စက်သုံးဆီအရောင်းဆိုင်များ၊ စက်ရုံ၊ အလုပ်ရုံ များနှင့် လူနေအိမ်များတွင် မီးဘေးလုံခြုံစိတ်ချရမှု ရှိ/မရှိ ကြည့်ရှုစစ်ဆေးပြီး မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အလေးထားဆောင်ရွက်ကြရန်နှင့် မီးဘေးလုံခြုံရေးဆိုင်ရာ လိုက်နာရမည့် အချက်များကို ဒေသခံပြည်သူများအား အသိပညာပေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဒဂုံတက္ကသိုလ်ဘာသာရပ်ပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ကြက်တောင်ရိုက်ပြိုင်ပွဲဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဒဂုံတက္ကသိုလ်ဘာသာရပ်ပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အဆိုပါတက္ကသိုလ်ရှိ အားကစားရုံ (၁)၌ ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

ဦးစွာ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက အမှာစကားပြောကြားကာ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာခံဌာန် ရွတ်ဆိုခဲ့ကြပြီး ကြက်တောင်ရိုက် ပြိုင်ပွဲကို ဖွင့်လှစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဒဂုံတက္ကသိုလ်မှ မြန်မာစာဌာန၊ အင်္ဂလိပ်စာဌာန၊ သမိုင်းဌာန၊ ဘူမိဗေဒဌာန၊ ဒဿနိကဌာန၊ ရှေးဟောင်းသုတေသနဌာန၊ သင်္ချာဌာန၊ ရူပဗေဒဌာန၊ ဓာတုဗေဒဌာန၊ ရုက္ခဗေဒဌာန၊ သတ္တဗေဒဌာန၊ ကုန်ထုတ်ဓာတုဗေဒ၊ ဥပဒေပညာနှင့် ကွန်ပျူတာသိပ္ပံတို့မှ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဖွဲ့မင်းထက်**
**(ပြန်/ဆက်)**



## ပျဉ်းမနားမြို့နယ်၌ အမျိုးသားတစ်ဦးအား သတ်ဖြတ်ပြီး လုယက်မှုကျူးလွန်သူ တရားခံ အမျိုးသားနှစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၄**

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၇ ရက်က နေပြည်တော်ကောင်စီ ပျဉ်းမနားမြို့နယ် သဲကျွန်းကျေးရွာရှိ PNPT ကလေးအားကစားကွင်းအနီး ယာခင်းလူသွားလမ်းပေါ်တွင် အမျိုးသားတစ်ဦး (စိစစ်ဆဲ)မှာ ပါးစပ်အတွင်း ကျွန်းရွက်ခြောက်များဆို့သွင်းထားပြီး လက်နှစ်ဖက်နှင့် ခြေထောက်နှစ်ဖက်တို့အား အင်္ကျီ/ပလတ်စတစ်ကြိုးများဖြင့် ချည်နှောင်လျက် ဦးခေါင်းနောက်စေ့တွင် ပြတ်ရှဒဏ်ရာ တစ်ချက်၊ ခန္ဓာကိုယ်၌ ပွန်းခြစ်ဒဏ်ရာများ၊ ဝဲဘက်နား သွေးထွက်ဒဏ်ရာများဖြင့် သေဆုံးနေကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ရှာကောက်နယ်မြေရဲစခန်း(ပ)၄/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုရေးဖွင့် စုံစမ်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက အခင်းဖြစ်ရပ်မှတ်တမ်းများရယူခြင်း၊ နယ်မြေအတွင်း သတင်းရယူ စုံစမ်းခြင်းများဆောင်ရွက်ခဲ့ရာ သေဆုံးသူမှာ ပျဉ်းမနားမြို့နယ် ပေါင်းလောင်း(၁)ရပ်ကွက်နေ ကျော်ဇင်မိုး(၃၄)နှစ် (ဘ)ဦးအောင်မြင့်ဖြစ်ကြောင်းနှင့် ၎င်းသည် ဇန်နဝါရီ ၆ ရက် ည ၈ နာရီခွဲက နေအိမ်မှ နှင်းဆီအဝိုင်းဘက်သို့ ၄ဂယ/၃၂၁၉၃ နံပါတ်ပါ Scoppy အမျိုးအစားဆိုင်ကယ်တစ်စီးဖြင့် သွားရောက်ရာမှ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ Scoppy အမျိုးအစားဆိုင်ကယ် တစ်စီး၊ Infinix အမျိုးအစားလက်ကိုင်ဖုန်း တစ်လုံး၊ ငွေကျပ် ၅၀၀၀၀ ခန့်ပါ ပိုက်ဆံအိတ် တစ်လုံး၊ ယာဉ်မောင်းလိုင်စင် တစ်ခု၊ စမတ်ကတ်တို့နှင့်အတူ ပျောက်ဆုံးနေသူဖြစ်ကြောင်း သိရသည်။



ဝဲမှယာ တရားခံ ကောင်းခန့်ဇော်(ခ)ဆင်ပေါက်၊ တရားခံ ဝေပြုကျော်

ဆက်လက်၍ ပြစ်မှုကျူးလွန်သူတရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ နယ်မြေအတွင်း မိမိအမာခံသတင်းပေးများထံမှရရှိသော အချက်အလက်များနှင့် အခင်းဖြစ်ရပ်အထောက်အထားများအရ ဇန်နဝါရီ ၁၂ ရက် ညပိုင်းတွင် တရားခံ ပျဉ်းမနားမြို့နယ် မြို့သစ်ရပ်ကွက်နေ ဝေပြုကျော်(၂၀)နှစ် (ဘ)ဦးမျိုးအောင်နှင့် သဲကျွန်းကျေးရွာနေ ကောင်းခန့်ဇော်(ခ)ဆင်ပေါက်(၁၆)နှစ် (ဘ)ဦးသိန်းလွင်တို့ နှစ်ဦးတို့အား ၎င်းတို့၏နေအိမ်အသီးသီး၌ ဖမ်းဆီးရမိခဲ့ပြီး အခင်းဖြစ်စဉ်က လုယက်ယူဆောင်သွားခဲ့သည့် သက်သေခံ Scoppy အမျိုးအစား ဆိုင်ကယ်တစ်စီးနှင့် Infinix အမျိုးအစားလက်ကိုင် ဖုန်းတစ်လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဝေပြုကျော်နှင့် ကောင်းခန့်ဇော်(ခ)ဆင်ပေါက်တို့၏ ထွက်ဆိုချက်အရ ၎င်းတို့နှင့်အတူ ပြစ်မှုကျူးလွန်ရာ၌ပါဝင်သူ ဖမ်းဆီးရန်ကျန်တရားခံ ကျော်ဇင်ထက်(စိစစ်ဆဲ)တို့ သုံးဦးသည် PNPT ကလေးအားကစားကွင်းအနီး ယာခင်းလူသွားလမ်းပေါ်၌ ခင်မင်ရင်းနှီးသူ ကျော်ဇင်မိုးနှင့် တွေ့ဆုံစဉ် ငွေကြေးလိုအပ်ချက်အရ ကျော်ဇင်မိုးအား သတ်ဖြတ်ခဲ့ကြပြီး ၎င်း၏ Scoppy အမျိုးအစား ဆိုင်ကယ်နှင့် infinix အမျိုးစားလက်ကိုင်ဖုန်းတစ်လုံး၊ ငွေကျပ် ၅၀၀၀၀ ခန့်တို့အား လုယက်ယူဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူ တရားခံ ဝေပြုကျော်နှင့် ကောင်းခန့်ဇော်(ခ)ဆင်ပေါက်တို့ နှစ်ဦးအားဥပဒေနှင့်အညီထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖမ်းဆီးရန်ကျန် တရားခံ ကျော်ဇင်ထက်အား ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကန့်ဘလူမြို့နယ် ပင့်သာတိုက်နယ်အတွင်းရှိ ကျေးရွာ နှစ်ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေသည်ဟု သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပင့်သာတိုက်နယ်အတွင်းရှိ ကျေးရွာ နှစ်ရွာကို ဇန်နဝါရီ ၁၃ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

အကြမ်းဖက်သမားများအနေဖြင့် ပြည်သူလူထု၏အကျိုးစီးပွားကို မငဲ့ကွက်ဘဲ မြို့၊ ရွာများအတွင်း ဝင်ရောက်၍ တိုက်ပွဲများဖော်ဆောင်လာခြင်းများကြောင့် နယ်မြေခံပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာများ ပျက်စီးရခြင်း ဖြစ်ကြောင်း၊ သို့ဖြစ်၍ အကြမ်းဖက်သမားများ ဝင်ရောက်လာမှုမရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနယ်မြေအတွင်း လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါနယ်မြေအနီးတစ်ဝိုက်တွင် နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့သော်လည်း နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းမရှိကြောင်းနှင့် အကြမ်းဖက်သမားများကသာ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးလျက်ရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦးနှင့် ဒေသခံပြည်သူများ၏ ပြောကြားချက်အရ သိရသည်။

**သတင်းစဉ်**




### အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

### PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၅၂၄၇၅၃) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၃၇၆၈၀၀) ကို လည်းကောင်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ကျိုက်ထိုမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၈၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၉၂၈၅၅၅၃ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးမြို့ မြို့ရှောင်လမ်း၌ မြဝတီမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၂ မျိုး၊ စားသောက်ကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၂၆၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai Starex နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၂၆၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သရက်မြို့နယ်နှင့် မင်းလှမြို့နယ်တို့၌ တရားမဝင် ရေနံစိမ်း ၃၅၂ ဂါလန်နှင့် ဆက်စပ်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၂၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၄၀၄၈၁၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၄၀၄၈၁၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မှော်ဘီမြို့နယ် မြို့ချောင်းဂိတ်အနီး၌ လိုင်စင်မဲ့ Toyota Mark II မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့်လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၇၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုက်ထိုမြို့နယ် အင်္ဂဘိုကျေးရွာအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားမဝင် အခြားသစ် ၀ ဒသမ ၇၀၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၂၅၁၂) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၄၂၅၁၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၄ မှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၆၆၈၂၈၇၅)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် နိုင်ငံ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် သိသာစွာထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှ ရရှိသည့်အခွန်အခများ၊ တရားဝင်အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## သဃ်န်းကျွန်းမြို့နယ်၌ ဝိုင်ယာကြိုးအပူလွန်ကဲရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်၌ ဇန်နဝါရီ ၁၂ ရက်က ဝိုင်ယာကြိုး အပူလွန်ကဲရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၂ ရက် ည ၁၀ နာရီ ၁၀ မိနစ်တွင် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ (ခ)ရပ်ကွက်၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ သဃ်န်းကျွန်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ၁၀ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားပြီး ဖြစ်စဉ်အား စိစစ်ရာ အဆိုပါရပ်ကွက်ရှိ ဝေယံထက် (ခ)အီရှန်း (၂၃)နှစ်ပိုင်ဆိုင်သော မုန့်မျိုးစုံ အရောင်းဆိုင်အောက်ထပ်၌ သွယ်တန်းထားသော ဝိုင်ယာကြိုး အပူလွန်ကဲရာမှ တစ်ဆင့် မီးစတင်လောင်ပြီး မီးလောင်မှုကြောင့် မုန့်မျိုးစုံနှင့် ဆိုင်ခန်းတံခါးအချို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သဖြင့် ဝေယံထက် (ခ) အီရှန်းအား သုဝဏ္ဏနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## မိုင်းယောင်းမြို့နယ်၌ ဖဲရိုက်လောင်းကစားနှင့် ပိုက်ကျူး(ခ)ရှမ်းကတ် လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူထား

**နေပြည်တော် ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ ဇန်နဝါရီ ၁၃ ရက်က ဖဲရိုက်လောင်းကစားနှင့် ပိုက်ကျူး (ခ) ရှမ်းကတ် လောင်းကစားပြုလုပ်သူများအား ဖမ်းဆီး အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် မိုင်းယောင်းမြို့နယ် ဖကျောက် ကျေးရွာအနီး သုသာန်၌ ဖဲရိုက် လောင်းကစားဝိုင်းနှင့် ပိုက်ကျူး (ခ) ရှမ်းကတ် လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ မိုင်းယောင်းမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ၌ လောင်းကစားပြုလုပ်နေသည့် ဖကျောက်ကျေးရွာနေ အိုက်ဥ(၃၇)နှစ်ပါ အမျိုးသား ၁၀ဦးအားဖဲလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ပိုက်ကျူး (ခ)ရှမ်းကတ် ၃၂ ကတ်၊ အန်စာတုံး သုံးတုံးနှင့် လောင်းကြေးငွေများနှင့် အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် အိုက်ဥပါ အမျိုးသား ၁၀ ဦးအား မိုင်းယောင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## မိုင်းကိုင်မြို့နယ်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရ

**နေပြည်တော် ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့နယ်၌ ဇန်နဝါရီ ၁၃ ရက်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးကာ သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၃ နာရီတွင် မိုင်းကိုင်မြို့နယ် ပန်ကေတု ကျေးရွာအနီး မိုင်းကိုင်-ကျေးသီးကားလမ်း မိုင်တိုင်အမှတ် ၇၉ မိုင် ၃ ဖာလုံနှင့် ၄ ဖာလုံကြား၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ မိုင်းကိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ မိုင်းကိုင်-ကျေးသီးကားလမ်းအတိုင်း တောင်မှမြောက်သို့ မိုင်းကိုင်မြို့ (၁)ရပ်ကွက်နေ မျိုးမင်းထွန်း(၃၄)နှစ် မောင်းနှင်ပြီး ခရီးသည် ရှစ်ဦး လိုက်ပါလာသည့် 7J/xxxx LIFAN ခြောက်ဘီးယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ ဘရိတ်ပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်သို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်လိုက်ပါလာသူ ဌေးဌေးမောင်(၂၇)နှစ်တွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး တစ်ရပ်ကွက်တည်းနေ ကောင်းမြတ်ဦး (၃၀)နှစ်၊ ဝင်းမင်းကြိုင်(၃၅)နှစ်နှင့် မင်းခန့်အောင်(၁၉)နှစ်တို့တွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် မျိုးမင်းထွန်းအား မိုင်းကိုင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## အလုပ်ခွင်ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေး

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော ရွှေသံလွင်စက်မှုဇုန်ရှိ Asia Genaral Tansforne Co,ltd. မှ အာမခံအလုပ်သမား ဦးဝေလင်းဦး အလုပ်တွင် ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ပေးအပ်သည့်အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံအရာရှိက အလုပ်ရှင်၊ အလုပ်သမားများအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့် အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားပြီး လုပ်ငန်းခွင်ထိခိုက်သေဆုံးခြင်းအတွက် နာရေးစရိတ် ငွေကျပ် ၅၄၉၀၀၀ နှင့် ကျန်ရစ်သူအကျိုးခံစားခွင့်ငွေလုံးငွေရင်းခွင့်ပြုငွေကျပ် ၉၀၀၀၀၀၀ စုစုပေါင်းငွေကျပ် ၉၅၄၉၀၀၀ အား ဇနီးဖြစ်သူထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဓနုဖြူမြို့နယ်ရှိ ကျေးလက်လမ်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**ဓနုဖြူ ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်းခင်းခြင်း လုပ်ငန်းကို ဇန်နဝါရီ ၁၃ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့သည်။ (ဝဲပုံ)

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန (နေပြည်တော်) အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေး၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ၊ လမ်းအရည်အသွေးထိန်းသိမ်းရေးအဖွဲ့တို့က စံကင်း - ကလော့သော့လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ပုကွန်တံတားချဉ်းကပ်လမ်း တည်ဆောက်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## ပင်းတယမြို့နယ်၌ ကျေးရွာချင်းဆက်တံတားတည်ဆောက်နေမှုကို တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး

**ပင်းတယ ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ရှိ ရှောက်ပင်ကျေးရွာနှင့် ဝါတရာကျေးရွာ လမ်းမပေါ်ရှိ ကျေးရွာချင်းဆက် တံတားတစ်စင်းတည်ဆောက်နေမှုကို ဇန်နဝါရီလ ဒုတိယပတ်က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်ဝေဝေလွင်ဖြိုး၊ ဦးစီးအရာရှိ(မြို့ပြ) ဒေါ်တင်တင်ထွေးနှင့်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။



အဆိုပါ တံတားအရှည်မှာပေ ၄၀ ကွန်ကရစ်တံတားဖြစ်ကာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ်သန်း ၁၉၀ ဒသမ ၂၇၀ ဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူတည်ဆောက်နေပြီး တံတားပြီးစီးမှုမှာ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**အောင်ကိုဦး(ပြန်/ဆက်)**

## မအူပင်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**မအူပင် ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းများမှ စွန်သိုက်ကျေးရွာအုပ်စု ထိန်တောစုကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းအတိုးရငွေကျပ်သန်း ၁၄ ဒသမ ၀၊ ပြည်သူ ထည့်ဝင်ငွေကျပ်သန်း (၁ ဒသမ ၀)၊ ရွှေလှေသောင်ကျေးရွာအုပ်စု ကျွန်းဖျားကျေးရွာတွင် မြစိမ်းရောင် စီမံကိန်းအတိုးရငွေကျပ်သန်း ၁၇ ဒသမ ၀၊ ပြည်သူထည့်ဝင်ငွေ ကျပ်သန်း ၁ ဒသမ ၀၊ သောင်းဇားကျေးရွာ အုပ်စု နွားကုန်းကြီးကျေးရွာတွင် မြစိမ်းရောင်စီမံကိန်း အတိုးရငွေကျပ်သန်း ၂၀ ဒသမ ၀၊ ပြည်သူထည့်ဝင်ငွေကျပ်သန်း ၅ ဒသမ ၀ တို့ဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။



အဆိုပါ လုပ်ငန်းဆောင်ရွက်မှုရာနှုန်းပြည့် ပြီးစီးမှုများမှ ထိန်တောစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ ၅၀ ရာခိုင်နှုန်းဖြင့် အတိုးရငွေကျပ်သန်း ၁၄ ဒသမ ၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၀ သန်း၊ စုစုပေါင်း ကျပ်သန်း ၁၅ ဒသမ ၀ ဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာ မနားကီး (လက်ထောက်ညွှန်ကြားရေးမှူး) နှင့် စီမံကိန်းတာဝန်ခံများက ကွင်းဆင်းစစ်ဆေးခဲ့ပြီး ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်းကူညီ စောင့်ရှောက်ကြရန် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့၊ လမ်းကော်မတီဝင်များနှင့် ရပ်မိရပ်ဖများအား မှာကြားခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ် (ပြန်/ဆက်)**



## ဘီးလင်းမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်

**ဘီးလင်း ဇန်နဝါရီ ၁၄**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ (၁/၂၀၂၅) အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၃ ရက်က ဘီးလင်းမြို့နယ်မီးသတ်ဦးစီးဌာနရုံး၌ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစည်သူအောင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်လင်းဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ သင်တန်းသို့ ဘီးလင်းမြို့နယ်မှ သင်တန်းသား ၄၅ ဦးနှင့် သင်တန်းသူငါးဦးတို့တက်ရောက်ခဲ့ပြီး ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးဆိုင်ရာဘာသာရပ်များကို လေးပတ်ကြာ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မလှိုင်မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေး စစ်ဆေးအသိပညာပေးခြင်းများ ဆက်လက်ဆောင်ရွက်

**မလှိုင် ဇန်နဝါရီ ၁၄**

မိတ္ထီလာခရိုင် မလှိုင်မြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေး စစ်ဆေးအသိပညာပေးခြင်းများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇေယျာအောင်နှင့် တပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က အမှတ်(၂) ရပ်ကွက်ရှိ နိုင်လွန်ပဲခွဲစက်အား ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(အောက်ပုံ)**

ဦးစွာ ပဲခွဲစက်၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးပြီး မီးဘေးလုံခြုံရေး အကြံပြုချက်များနှင့် အသိပညာပေးခြင်းများဆောင်ရွက်ကာ မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မောင်ကျော်ကြီး**



## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်း မှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# Quick Access Loan, Personal Loan, Shopper Loan နှင့် Shopper Installment Loan ချေးငွေများ

# ပြန်လည်ပေးဆပ်ရန် ပျက်ကွက်နေသူများ သိရှိစေရန် ကြေညာခြင်း

ကမ္ဘောဇဘဏ်လီမိတက်၏ Quick Access Loan, Personal Loan, Shopper Loan နှင့် Shopper Installment Loan ချေးငွေများ ပြန်လည်ပေးဆပ်ရန် ပျက်ကွက်နေသော အောက်ဖော်ပြပါဇယားတွင် အမည်စာရင်းပါရှိသည့် လူပုဂ္ဂိုလ်များသည် ချေးငွေအရင်း၊ အတိုးနှင့်ကျသင့်သည့် အဖိုးအခများအား ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျက်ရှိနေသည့်အတွက် နည်းမျိုးစုံဖြင့် အကြိမ်ကြိမ် ဆက်သွယ်တောင်းခံခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်းများ ပြုလုပ်ခဲ့သော်လည်း ပေးဆပ်ခြင်းမရှိဘဲ ဆက်လက်ပျက်ကွက်နေပါသည်။ ထို့ကြောင့် ချေးငွေပြန်လည်ပေးဆပ်ရန် ပျက်ကွက်နေသူ အောက်ဖော်ပြပါ အမည်စာရင်းတွင်ပါရှိသည့် လူကြီးမင်းများအနေဖြင့် ကမ္ဘောဇဘဏ်လီမိတက်သို့ ပေးဆပ်ရန်ရှိသည့် အရင်း၊ အတိုးနှင့် ကျသင့်သည့် အဖိုးအခများကို ယခုကြေညာချက်ပါရှိသည့်နေ့မှ (၁၄) ရက်အတွင်း နီးစပ်ရာဘဏ်ခွဲသို့ လာရောက်ဆက်သွယ်ပေးဆပ်ပါရန်နှင့် သတ်မှတ်ရက်အတွင်း ပေးဆပ်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်၍ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ (ကျန်ရှိသူများကိုလည်း ဆက်လက်ဖော်ပြ သွားပါမည်)

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | အလုပ်အကိုင် | ချေးငွေအမျိုးအစား |
|---|---|---|---|---|
| ၁ | ဦးခင်စိုး | ၁၄/ဟသတ(နိုင်)၂၄၄xxx | ဦးခင်စိုး(ကုန်စုံဆိုင်) | Quick Access Loan |
| ၂ | ဒေါ်စန္ဒာဝင်း | ၁၃/တကန(နိုင်)၀၀၄xxx | DEWA YEKA (ဆေးဆိုင်) | Quick Access Loan |
| ၃ | ဒေါ်အေမီထွန်း | ၁၀/သဖရ(နိုင်)၁၂၃xxx | အေမီထွန်း(အထည်ဆိုင်) | Quick Access Loan |
| ၄ | ဒေါ်ခင်သူဇာသစ် | ၁၄/လပတ(နိုင်)၁၁၇xxx | လာဘ်ပွင့်(ကုန်စုံဆိုင်) | Quick Access Loan |
| ၅ | ဒေါ်ပြည့်ဖြိုးဆွေ | ၁၀/သဖရ(နိုင်)၁၄၅xxx | ပြည့်ပြည့်(အထည်ဆိုင်) | Quick Access Loan |
| ၆ | ဦးဟိန်းဝင်း | ၁၄/ဟသတ(နိုင်)၂၉၇xxx | ဦးဟိန်းဝင်း(ကုန်စုံဆိုင်) | Quick Access Loan |
| ၇ | ဦးဇော်မြင့်ဦး | ၉/ကစန(နိုင်)၁၄၂xxx | CR7(အကင်ဆိုင်) | Quick Access Loan |
| ၈ | ဒေါ်ခိုင်ရတနာကျော် | ၁၂/ပဇတ(နိုင်)၀၃၂xxx | MOTHER SON (MS) – (ဖုန်းဆိုင်) | Quick Access Loan |
| ၉ | ဒေါ်အေးမြမိုး | ၉/ကစန(နိုင်)၀၀၂xxx | ဒေါ်မိုး(ကုန်စုံဆိုင်) | Quick Access Loan |
| ၁၀ | ဒေါ်နှင်းနှင်းလှိုင် | ၁၃/တကန(နိုင်)၂၃၃xxx | ကံပွင့်(ကုန်စုံဆိုင်) | Quick Access Loan |
| ၁၁ | ဦးဖြိုးသီဟ | ၁၃/ကလန(နိုင်)၀၈၅xxx | တော်ဝင်(လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး) | Quick Access Loan |
| ၁၂ | ဒေါ်လမာလုမိုင် | ၁/ကမန(နိုင်)၀၃၂xxx | ဟိန်းကမ္ဘာ(ရောင်းဝယ်ရေး) | Quick Access Loan |
| ၁၃ | ဒေါ်ဝင်းဝါထွန်း | ၇/ပခန(နိုင်)၃၂၇xxx | အောင်မြန်မာ(ဆန်စက်) | Quick Access Loan |
| ၁၄ | ဦးဟန်ဖြိုး | ၉/တသန(နိုင်)၁၄၄xxx | ကြယ်စင်ဖြူ(မိတ္တူ၊ဒီဇိုင်း၊လိုင်စင်ဓာတ်ပုံ) | Quick Access Loan |
| ၁၅ | ဒေါ်မျိုးမျိုးဝင်း | ၈/ရနခ(နိုင်)၀၇၆xxx | HTOO (ဖုန်းဆိုင်) | Quick Access Loan |
| ၁၆ | ဦးကံဦးမောင် | ၉/မရမ(နိုင်)၀၁၁xxx | ကံသာဦး(စတိုးဆိုင်) | Quick Access Loan |
| ၁၇ | ဒေါ်မာမာငွေး | ၁၃/ကလန(နိုင်)၀၅၈xxx | တာချီလိတ်(ထမင်းဆိုင်) | Quick Access Loan |
| ၁၈ | ဦးစည်သူကျော် | ၇/ပမန(နိုင်)၁၈၀xxx | ARR TI BBQ | Quick Access Loan |
| ၁၉ | ဒေါ်ခင်ငြိမ်းချမ်းခိုင် | ၁၁/တကန(နိုင်)၀၆၀xxx | ဦးမြင့်သိန်း(၃) စားသောက်ကုန်မျိုးစုံဆိုင် | Quick Access Loan |
| ၂၀ | ဦးဟိန်းမင်းခိုင် | ၇/ပခန(နိုင်)၃၉၁xxx | ဟိန်းမင်းခိုင် (Second ဖုန်းရောင်းဝယ်ရေး) | Quick Access Loan |
| ၂၁ | ဦးသန့်ဇင်ဦး | ၇/ပခန(နိုင်)၃၇၂xxx | သန့်ဇင် (ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရေး) | Quick Access Loan |
| ၂၂ | ဦးထက်နိုင်လင်း | ၇/ညလပ(နိုင်)၁၅၆xxx | AA Elephant (စားသောက်ဆိုင်) | Quick Access Loan |
| ၂၃ | ဦးကျော်မင်းဦး | ၉/မထလ(နိုင်)၂၅၇xxx | မမျိုး(ကုန်စုံဆိုင်) | Quick Access Loan |
| ၂၄ | ဦးမျိုးအာကာ | ၁၂/မဂဒ(နိုင်)၁၆၈xxx | ကိုမျိုး (ကုန်မျိုးစုံရောင်းဝယ်ရေး) | Quick Access Loan |
| ၂၅ | ဒေါ်စုသက်ဝေ | ၁၄/ပသန(နိုင်)၂၁၄xxx | Solar Home Asia Myanmar CO,LTD | Shopper Loan |
| ၂၆ | ဒေါ်အေးအေးကြူ | ၁၂/ကမရ(နိုင်)၀၂၁xxx | CHID Bank | Shopper Loan/ Personal Loan |
| ၂၇ | ဒေါ်ကျော့ကျော့ခိုင် | ၁၂/သဃက(နိုင်)၀၀၄xxx | Design In My Way CO,LTD | Shopper Loan |
| ၂၈ | ဦးကောင်းထိုက် | ၁၂/လမန(နိုင်)၁၃၅xxx | Edunburgh Elevator GmbH Myanmar | Shopper Loan |
| ၂၉ | ဦးထက်ဝေယံကျော် | ၁၄/ကပန(နိုင်)၁၇၇xxx | UMOS CO,LTD | Shopper Loan |
| ၃၀ | ဦးလင်းဟိန်း | ၁၂/ရကန(နိုင်)၀၈၃xxx | Mahar Myanmar Global CO,LTD | Shopper Loan |
| ၃၁ | ဒေါ်သပြေဇင်ဇင်ချို | ၁၂/စခန(နိုင်)၀၅၈xxx | Myanmar NewOne Network Democracy Today CO,LTD | Shopper Loan |
| ၃၂ | ဦးပြည့်ဖြိုးမောင် | ၁၂/တမန(နိုင်)၁၀၃xxx | Success Emerald General Trading CO,LTD | Shopper Loan |
| ၃၃ | ဦးကောင်းထက် | ၁၂/သကတ(နိုင်)၁၉၉xxx | Prudential Myanmar Life Insurance Limited | Shopper Loan |
| ၃၄ | ဦးကောင်းမြတ်ဇော် | ၁၃/တကန(နိုင်)၂၅၂xxx | EZCON CO,LTD | Shopper Loan |
| ၃၅ | ဒေါ်ဇင်မာသိန်း | ၁၂/တမန(နိုင်)၁၀၈xxx | Southern Coastline Group CO,LTD | Shopper Loan |
| ၃၆ | ဒေါ်မိုးစပယ်ဖြူ | ၁၂/သကတ(ပြု)၀၀၀xxx | ARCHEROA CO,LTD | Shopper Loan |
| ၃၇ | ဦးအောင်ပြည့်ဖြိုး | ၁၂/ဒဂမ(နိုင်)၀၀၃xxx | Aung Myo Thaw CO,LTD | Shopper Loan/ Personal Loan |
| ၃၈ | ဦးထက်လင်းသူ | ၁၂/ခရန(နိုင်)၁၂၉xxx | Logic Gate Myanmar | Shopper Loan |
| ၃၉ | ဦးမြတ်မင်း | ၁၂/မဂတ(နိုင်)၀၀၂xxx | Yoma Bank | Shopper Loan/ Personal Loan |
| ၄၀ | ဦးရဲလင်းနိုင် | ၁၂/ဗတထ(နိုင်)၀၃၂xxx | Keiai Yangon | Shopper Loan |
| ၄၁ | ဦးဇော်ညွန့်ဝင်း | ၁၂/ဗဟန(နိုင်)၀၉၁xxx | Khan Offshore Myanmar CO,LTD | Shopper Loan |
| ၄၂ | ဒေါ်သဲအိသင်ဇာငယ် | ၈/အလန(နိုင်)၁၃၇xxx | Yoma Bank | Shopper Loan |
| ၄၃ | ဦးတင်မျိုးဇော် | ၁၂/ဗဟန(နိုင်)၀၈၅xxx | CHAMPAC CO,LTD | Shopper Loan |
| ၄၄ | ဦးသိန်းငွေအောင် | ၉/အမရ(နိုင်)၁၂၅xxx | MYA PAN WAH CO,LTD | Shopper Loan |
| ၄၅ | ဦးရဲလင်းမောင် | ၁၂/ကမရ(နိုင်)၀၅၄xxx | NAING FAMILY CHERRY OO CO,LTD | Shopper Loan |
| ၄၆ | ဦးကျော်ဇင်မင်း | ၁၂/မဘန(နိုင်)၁၃၂xxx | Teach Paradise CO,LTD | Shopper Loan/ Personal Loan |
| ၄၇ | ဒေါ်ဇင်မင်းသက် | ၁၂/သဃက(နိုင်)၁၃၇xxx | Green Loon CO,LTD | Shopper Loan/ Personal Loan |
| ၄၈ | ဒေါ်မေသွယ်ခိုင် | ၁၂/ဥကမ(နိုင်)၁၆၃xxx | Mercy Corps Myanmar | Personal Loan |
| ၄၉ | ဦးအောင်ထက်ကို | ၂/လကန(နိုင်)၀၄၃xxx | Green Loon CO,LTD | Shopper Loan/ Personal Loan |
| ၅၀ | ဦးဝေယံဝင်းဇော် | ၁၃/တကန(နိုင်)၁၅၀xxx | Meditoon CO,LTD | Personal Loan |
| ၅၁ | ဦးကျော်ကိုလင်း | ၈/သရန(နိုင်)၀၆၉xxx | Blak Labs Myanmar Limited | Personal Loan |
| ၅၂ | ဒေါ်ဒေဝစ္စရာ | ၁၃/ကတန(နိုင်)၀၆၃xxx | ASIA WELCOME DECORATION CO,LTD | Personal Loan |
| ၅၃ | ဒေါ်ဖြိုးသက်တိုး | ၇/ရတန(နိုင်)၀၀၁xxx | Precious Time CO,LTD | Personal Loan |
| ၅၄ | ဦးကျော်စွာလင်း | ၅/ရဘန(နိုင်)၁၄၇xxx | ဆောက်လုပ်ရေးဝန်ကြီးဌာန | Personal Loan |
| ၅၅ | ဒေါ်သဇင်တင်ကြည် | ၁၂/ဗဟန(နိုင်)၀၀၃xxx | Success Emerald General Trading CO,LTD | Personal Loan |
| ၅၆ | ဦးညီမင်းဟန် | ၇/ပခန(နိုင်)၃၀၃xxx | Meditoon CO,LTD | Personal Loan |
| ၅၇ | ဦးကျော်ပြည့်ဖြိုးဆွေ | ၈/မကန(နိုင်)၁၆၇xxx | United Chan Thar CO,LTD | Personal Loan |
| ၅၈ | ဦးအောင်ဆွေမင်း | ၁၂/ပဇတ(နိုင်)၀၁၁xxx | Microfinance Delta International CO,LTD | Personal Loan |
| ၅၉ | ဦးဒယ်နီယယ်စိုးညွန့် | ၁၂/ဗဟန(နိုင်)၁၀၀xxx | Royal Princes CO,LTD | Personal Loan |
| ၆၀ | ဦးကျော်လင်းအောင် | ၇/ပခန(နိုင်)၃၁၃xxx | Teach Paradise CO,LTD | Shopper Loan/ Personal Loan |
| ၆၁ | ဦးခိုင်ထူး | ၁၂/ဒဂမ(နိုင်)၀၁၉xxx | SMOLLAN | Personal Loan |
| ၆၂ | ဦးမြင့်နိုင် | ၁၂/ဒဂန(နိုင်)၀၂၂xxx | AIR KBZ LTD | Personal Loan |
| ၆၃ | ဦးရှိန်းမင်းသူ | ၅/ဝသန(နိုင်)၀၆၁xxx | Marvellous Memory CO,LTD | Personal Loan |
| ၆၄ | ဒေါ်မိုမိုကိုကိုလွင် | ၉/မထလ(နိုင်)၂၇၁xxx | Ever Plus International CO,LTD | Personal Loan |
| ၆၅ | ဒေါ်ဝင်းမာထွန်း | ၁၂/ဒဂမ(နိုင်)၀၀၇xxx | Marvellous Memory CO,LTD | Personal Loan |
| ၆၆ | ဒေါ်ကောင်းမြတ်ခင် | ၁၂/ကတတ(နိုင်)၀၃၀xxx | Myothar Ki CO,LTD | Personal Loan |

**Legal and Compliance Function**

**ကမ္ဘောဇဘဏ်လီမိတက်**

**အမှတ်(၅၃) Strand Square Office ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊**

**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph-01-2307091**

# ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို)ဖြစ်ရမည်။

( ခ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

( ဂ ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မည်သည့်ဘွဲ့မဆို လျှောက်ထားနိုင်သည်။

( င ) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

( စ ) ဘွဲ့လက်မှတ်(မူရင်း)နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(ဆ) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီး သူများအနေဖြင့် ၂၇ နှစ် အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ် အထိလည်းကောင်း လျှောက်ထားနိုင်သည်။

( ဇ ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

( ဈ ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံ တို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၁၈ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်း ခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## ဖခင်အမည်မှန်

မိတ္ထီလာမြို့နယ်၊ ကျောက်ဖြူကုန်းအုပ်စု၊ အုတ်နဲ့ဘုတ်ကျေးရွာနေ မသဲစုခိုင်နှင့် မောင်ဟိန်းဇေယျာတို့၏ ဖခင်အမည်မှန်မှာ ဦးဘမောင် ၉/မထလ(နိုင်)၂၇၁၅၈၁ ဖြစ်ပါကြောင်း။

**ဦးဘမောင်**

## မွေးသက္ကရာဇ်အမှန်

ဦးနိုန်းခန့်ပုမ်း၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့ (ရွှေလမင်း)ကိုယ်ပိုင်အထက်တန်း ကျောင်း Grade-5 မှ မမန်းဆွင်းလွန်း၏ မွေးသက္ကရာဇ်အမှန်မှာ (၇-၁၀-၂၀၁၁) ဖြစ်ပါကြောင်း။

**မမန်းဆွင်းလွန်း**

## မွေးသက္ကရာဇ်အမှန်

ဦးအောင်နိုင်လင်း၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့ (ရွှေလမင်း) ကိုယ်ပိုင်အထက်တန်း ကျောင်း Grade-9 မှ မယွန်းနန္ဒာလင်း၏ မွေးသက္ကရာဇ်အမှန်မှာ (၁၅-၁၀-၂၀၀၈)ဖြစ်ပါကြောင်း။

**မယွန်းနန္ဒာလင်း**

## မွေးသက္ကရာဇ်အမှန်၊ ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့ ရွှေလမင်း ကိုယ်ပိုင်အထက်တန်းကျောင်း Grade-6 မှ မဇင့်စန်းကိမ်၏ မွေးသက္ကရာဇ်အမှန်မှာ (၂၅-၆-၂၀၁၁)နှင့် မောင်ထန်ရှင်းဟွန့် Grade-4တို့၏ ဖခင်အမည်မှန်မှာ ဦးထန်ဆွင်းမုန် ၄/တတန(နိုင်) ၀၆၆၉၉၃ ဖြစ်ပါကြောင်း။

**ဦးထန်ဆွင်းမုန်**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့(ရွှေလမင်း)ကိုယ်ပိုင်အထက်တန်းကျောင်း Grade-9မှ မောင်ကပ်မင်လျှံ၏ ဖခင်အမည်မှန်မှာ ဦးဂုတ်ကျင့်မုန်ခုပ် ၅/တမန(နိုင်) ၀၀၈၉၆၅ ဖြစ်ပါကြောင်း။

**ဦးဂုတ်ကျင့်မုန်ခုပ်**

## အမည်မှန်

ဦးအောင်ဇော်ဝင်း၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့ Excellent ကိုယ်ပိုင်အထက်တန်းကျောင်း တတိယတန်းမှ မောင်သုခသန့်စင်၏ အမည်မှန်မှာ မောင်ဟိန်းထက်ထွန်း ဖြစ်ပါကြောင်း။

**မောင်ဟိန်းထက်ထွန်း**

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်နှင့် အရန်တစ်လစာအတွက် ရိက္ခာဆန်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းများမှ အကျဉ်းသား/သူ၊ အချုပ်သား/သူ၊ ရဲဘက်လုပ်အားရှင်များအတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်နှင့် အရန်တစ်လစာအတွက် ကျွေးမွေးရန် လိုအပ်သော ရိက္ခာဆန်(၇၄၆၅၃)အိတ်ကို သက်ဆိုင်ရာ အကျဉ်းထောင်/စခန်းများအရောက် မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ ဝယ်ယူမည် ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | **လုပ်ငန်းအမည်** | - ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်နှင့် အရန်တစ်လစာအတွက် လိုအပ်သော ရိက္ခာဆန်ဝယ်ယူခြင်းလုပ်ငန်း |
| ၃။ | **ဝယ်ယူမည့်အရေအတွက်** | - ရိက္ခာဆန်(၇၄၆၅၃)အိတ် |
| ၄။ | **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ဈေးနှုန်း** | - အိတ်ဖွင့်တင်ဒါတစ်စုံလျှင် (၆၀၀,၀၀၀/ -)နှုန်း |
| ၅။ | **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** | - ၁၅-၁-၂၀၂၅ရက်မှ ၂၈-၁-၂၀၂၅ရက်ထိ (၁၄)ရက် ရုံးချိန်အတွင်း |
| ၆။ | **တင်ဒါရောင်းချမည့်နေရာ** | - ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ အင်းစိန်မြို့နယ် |
| ၇။ | **တင်ဒါဖွင့်ဖောက်မည့်နေ့ရက်** | - ၃၀-၁-၂၀၂၅ရက် (ကြာသပတေးနေ့) (ရက်အပြောင်းအလဲရှိနိုင်ပါသည်။ |
| | **အချိန်** | - (၁၀၀၀)နာရီ |

၈။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး-၀၁-၂၁၇၅၂၀၊ ၀၁-၂၁၇၅၂၁

(ခ) ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး - ၀၁၃-၆၄၂၄၉၅၊၀၁၃-၆၄၂၄၉၆

**တင်ဒါစိစစ်ရေးအဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန**

## ဒေါ်စုမွန်အေးနှင့်အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ညောင်ပင်ကြီးကျေးရွာအုပ်၊ တောင်ဝင်းကုန်းကျေးရွာနေ (ဘ)ဦးကျော်မွေး၏သား ဦးကျော်မင်းသူ၊ ဗမာ၊ ဗုဒ္ဓ ၇/အတန(နိုင်)၀၈၀၇၉၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်တော် ဦးကျော်မင်းသူနှင့် ဒေါ်စုမွန်အေးတို့သည် မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာဝင်များဖြစ်ကြကာ လွန်ခဲ့သော(၂၀၁၄)ခုနှစ်ခန့်က ထိမ်းမြားလက်ထပ်ခဲ့ကြပြီး ယခုအခါ အုတ်တွင်းမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၁/၂၀၂၅ ဖြင့်အကြောင်းမယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုကို ၂-၁-၂၀၂၅ ရက်တွင် စွဲဆိုလျှောက်ထားခဲ့ပြီးဖြစ်ပါ၍ အောက်ဖော်ပြပါ နှစ်ဦးပိုင်လက်ထပ်ပွားပစ္စည်းများဖြစ်ကြသော ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများဖြစ်ကြသည့်-

၁။ SOUEAST A5/SALOON အမျိုးအစား 6R-8078 အညိုရောင် အိမ်စီးကား(၁)စီး
၂။ ယာဉ်အမှတ် YGN/2F- 5450 ပေ(၄၀)တွဲကား(၁)စီး
၃။ ယာဉ်အမှတ် YGN/7D- 6597 ပေ(၄၀)တွဲကား(၁)စီး
၄။ ယာဉ်အမှတ် BGO/1K-5475 (၁၄)ပေ ကုန်တင်ကား(၁)စီး
၅။ ယာဉ်အမှတ် AYY-61338,HONDA CBR အမျိုးအစား မော်တော်ဆိုင်ကယ်(၁)စီး
၆။ လယ်(၁၆)ဧက၊ ၇။ အခေါက်ရွှေ (၁)ကျပ်သား(၄)တုံး တို့အား

ဒေါ်စုမွန်အေးမှ မိမိသဘောဆန္ဒဖြင့် ကျွန်တော် ဦးကျော်မင်းသူ သိရှိခြင်းမရှိဘဲ အခြားသူသို့ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်ကြဲခြင်းနှင့် အမည်ပြောင်းလျှောက်ထားခြင်းများ မပြုလုပ်ရန် ကျွန်တော် ဦးကျော်မင်းသူမှ ကန့်ကွက်တားမြစ်အပ်ပါသည်။ ခင်ပွန်းဖြစ်သူ ဦးကျော်မင်းသူမှ အထက်ပါကဲ့သို့ ကန့်ကွက်တားမြစ်ထားပါလျက် ဇနီးဖြစ်သူ ဒေါ်စုမွန်အေးမှ ကန့်ကွက်တားမြစ်ချက်များအား လိုက်နာခြင်းမရှိဘဲ ပျက်ကွက်ခဲ့ပါက တည်ဆဲတရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချပ်အရ-**
**ဒေါ်ချိုချိုမြ(LL.B)(D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၉၅/၂၀၁၄)**
**အမှတ်(၁)ရပ်ကွက်၊ ကျွဲပွဲမြို့၊ အုတ်တွင်းမြို့နယ်။ ဖုန်း-၀၉-၄၂၈၂၀၁၂၅၅**

## တရုတ်နိုင်ငံသို့ ပဲပုပ်သီးနှံ တင်ပို့မည့် ကုမ္ပဏီများအနေဖြင့် အဆိုပြုလွှာ (EOI) လျှောက်ထားရန် ဖိတ်ခေါ်ခြင်း

၁။ တရုတ်နိုင်ငံသို့ ပဲပုပ်သီးနှံတင်ပို့မည့် ကုမ္ပဏီများအား မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နှစ်နိုင်ငံ ချုပ်ဆိုထားသော အပင်ပိုးမွှားကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက်သဘောတူစာချုပ်အရ Sanitary and Phytosanitary (SPS)Protocol သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နှစ်စဉ်ပုံမှန် စိစစ်မှတ်ပုံတင်ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ လျှောက်ထားလိုသည့်ကုမ္ပဏီများအနေဖြင့် စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest EOI)များအား(၂၈-၂-၂၀၂၅)ရက် နောက်ဆုံးထား၍ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူးရုံးတွင် လျှောက်လွှာများရယူပြီး တင်ပြလျှောက်ထားနိုင်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန၊**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လူမှုကရုဏာလုပ်ငန်းများတွင် အထောက်အပံ့ပေးရန်အတွက် လိုအပ်သော တာပေါ်လင်(မိုးကာစ)စောင်နှင့် ဆေးစိမ်ခြင်ထောင်များကို ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါအမြန်တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | **တင်ဒါပုံစံများ ထုတ်ယူရမည့် နေ့ရက်နှင့်အချိန်** | - ၁၅-၁-၂၀၂၅ရက် (ရုံးချိန် အတွင်း) |
| | **တင်ဒါပုံစံများနောက်ဆုံး ထုတ်ယူနေ့ရက်နှင့်အချိန်** | - ၂၁-၁-၂၀၂၅ရက် (ရုံးချိန်အတွင်း) |
| | **တင်ဒါပုံစံများ နောက်ဆုံးတင်သွင်းရမည့် နေ့ရက်နှင့်အချိန်** | - ၂၈-၁-၂၀၂၅ရက် (ရုံးချိန်အတွင်း) |
| | **တင်ဒါပုံစံများထုတ်ယူရမည့် နေရာ** | - မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်ရုံးခွဲ) အမှတ်(၄၂)၊စတုတ္ထထပ်၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၃၉၂၈~၃၀(လိုင်းခွဲ-၁၁၉) Email:mrcslogistics@redcross.org.mm |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းအသေးစိတ်အား သိရှိလိုပါက အထက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးဖြစ်သူ ဦးရန်အောင်ဆေး(ဘ)ဦးတင်ဆေး ၇/တငန(နိုင်)၁၆၅၇၁၁၊ အမှတ်(၅၄)၊ ခရေလမ်း၊ တောင်ငူမြို့(ခေတ္တဂျပန်နိုင်ငံ)နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးရန်အောင်ဆေးသည် တောင်ငူမြို့၊ (၉)ရပ်ကွက်၊ ဘုရားလမ်း၊ ဒေါ်မိုးမိုးစံအမည်ပေါက်(ဂရန်မြေ)၊ ဦးပိုင်အမှတ်(၁)၊ အကွက်အမှတ်နှင့်အမည်(၂/ထီးလှိုင်အကွက်)၊ ဧရိယာ(၀.၁၁၄)ဧကရှိ မြေကွက်နှင့် ယင်းမြေတွင်ဆောက်လုပ်ထားသော နှစ်ထပ်အုတ်ခံ ပျဉ်ထောင်အဆောက်အအုံ မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လွန်ခဲ့သော (၃-၄- ၂၀၂၂)ရက်က ဒေါ်မိုးမိုးစံထံမှ နှစ်ဦး/နှစ်ဖက်သဘောတူ အိမ်နှင့်ခြံမြေအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အိမ်ခြံမြေအားလည်းကောင်း၊ အိမ်ခြံမြေနှင့်ပတ်သက်သော ဂရန်အထောက်အထားစာရွက်စာတမ်းများအားလည်းကောင်း၊ ဦးရန်အောင်ဆေးက လက်ရောက်ရရှိပိုင်ဆိုင်အကျိုးခံစားခဲ့ပါသည်။

ထိုသို့ဦးရန်အောင်ဆေး ဝယ်ယူလက်ရောက်ရရှိအကျိုးခံစားလျက်ရှိသည့် အထက်ပါအိမ်ခြံမြေသည် မည်သူတစ်ဦးတစ်ယောက်နှင့်မှ သက်ဆိုင်ခြင်းမရှိကြောင်းနှင့် ဦးရန်အောင်ဆေး ခေတ္တဂျပန်နိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း တစ်စုံ တစ်ဦးက အဆိုပါအိမ်ခြံမြေအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများပြုလုပ်ပါက ကန့်ကွက်တားမြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝင်းစည်သူမြင့်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၁၇၂/၂၀၂၃)**
**၁၅/၁၀၀၊ ဈေးလမ်း၊ တောင်ငူမြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်းအားပြန်လည်ရုပ်သိမ်းခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ နယ်မြေ(၁၄)၊ အိမ်အမှတ်(၁၃၀)နေ (ဘ)ဦးဟေမ်လားလ် ၁/မကန(နိုင်)၁၀၇၇၉၉(မိ)ဒေါ်သူလ်ဆာဒေဝီ ၁/မကန(နိုင်)၁၀၇၈၀၀တို့၏သား ဦးဘိုချ်ကူးမာရ် ၁/မကန(နိုင်)၁၀၇၈၃၂ အား ၂၄-၅-၂၀၂၃ ရက်က မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ကြော်ငြာ(၂၇)တွင် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇော်စစ်ဗဟာဒူး(အထက်တန်းရှေ့နေ)စဉ်-၄၅၀၁၅**
**ဖုန်း-၀၉-၄၀၀၀၃၆၆၁၃**

## ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန၊ ပဲခူးပြည်သူ့ဆေးရုံကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ခုဘဏ္ဍာရေးနှစ်အတွက် ပဲခူးမြို့၊ ခုတင်-၅၀၀ဆံ့ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသခံယူကြသည့် လူနာများအတွက် အောက်ဖော်ပြပါ ဆေးနှင့်ဆေးပစ္စည်းများအား(ဒုတိယအကြိမ်) ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(က) ဆေးဝါးများ (FDA အသိအမှတ်ပြု)
(ခ) Speciality ဆေးဝါးများ
(ဂ) ခွဲစိတ်ခွဲခန်းနှင့် ခွဲစိတ်မှုခန်းသုံးဆေးနှင့်ဆေးပစ္စည်းများ
(ဃ) Consumable For Speciality များ

| | |
|---|---|
| ၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | - ၁၇-၁-၂၀၂၅(သောကြာနေ့) |
| **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** | - ၃၀-၁-၂၀၂၅(ကြာသပတေးနေ့) |
| **တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** | - မွန်းတည့် (၁၂:၀၀)နာရီ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေးပစ္စည်းများနှင့် ပတ်သက်၍ အသေးစိတ် အချက်အလက်များသိရှိလိုပါက ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးရှိဆေးရုံအုပ်ကြီးရုံး သို့ နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့**
**ဖုန်း-၀၉-၄၂၈၁၂၂၆၃၈၊ ၀၉-၄၂၈၁၄၉၉၇၉**

## (MYANMAR MICHAEL FAITH CONSULTANTS CO., LTD)

### မြန်မာနိုင်ငံ လူမွဲခံယူခြင်း ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၅၂ (က)၊ နည်းဥပဒေ ပုဒ်မ (၁၅) အရ ကုမ္ပဏီအားဆန္ဒအလျောက်ဖျက်သိမ်းခြင်း

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေး ဆုံးဖြတ် ချက်အရ (MYANMAR MICHAEL FAITH CONSULTANTS CO., LTD) အား ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်ထွေးနှင်းအောင် MAIP (00080) အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ အဖြစ်ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်ထက် နောက်မကျဘဲ အောက်ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ထွေးနှင်းအောင် စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိ**
**MAIP ( 00080) ( ဖျက်သိမ်းဆဲ)**
**(MYANMAR MICHAEL FAITH CONSULTANTS CO., LTD)**
**Liquidator Office, Building (7) Room (10),**
**Marga Street, Hlaing Myint Mo Housing, Hlaing Township,**
**Yangon. Bagan Akari Advisory Co., Ltd.**

## Board of Director အဖွဲ့ဝင်အဖြစ်မှနုတ်ထွက်ခြင်း

Hayman Capital Co.,Ltd.မှ Board of Directors အဖွဲ့ဝင်တစ်ဦးဖြစ်သူ Ms.Sugasini Kandiah သည် ကိုယ်ရေးကိုယ်တာ အကြောင်းပြချက်ဖြင့် Board of Directors အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်သွားကြောင်း ကြေညာအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးမြို့၊ ဈေးပိုင်းရပ်ကွက်၊ အကွက်အမှတ် (၁၁)၊ ဈေးပိုင်းရပ်၊ ဦးပိုင်အမှတ်(၆၄ခ)၊ ဧရိယာ(၀ဒသမ၀၁၇)ဧကရှိ ဘိုးဘပိုင်မြေအား ဦးသိန်းလွင်မှ အမည်ပြောင်း လျှောက်ထားလိုပါသဖြင့် ကန့်ကွက်လိုသူရှိပါက ကြေညာပါသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။

**ဦးသိန်းလွင်**
**ဖုန်း-၀၉-၇၇၅၀၈၉၃၄၈**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မေတ္တာရှင်လမ်း၊ ဘုရားကုန်းကျေးရွာအုပ်စုနေ ဒေါ်ခင့်ဇာဝေလင်း ၁၂/တမတ(နိုင်)၀၀၀၈၃၆၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဒေါ်ခင့်ဇာဝေလင်း၏သားဖြစ်သူ မောင်အေးချမ်းအောင်(ခ)ဟိန်းကောင်းဇော် (ဘ)ဦးမျိုးဇော် ၁၂/ဒလန(နိုင်) ၀၆၈၆၀၃ W-3 အခန်း(၃၄)၊ သုခတော်ဝင်အိမ်ရာ၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်တွင် နေထိုင်သူသည်မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိခင်ဖြစ်သူနှင့် ဆွေမျိုးသားချင်းများအား ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ အောင်ပြုလုပ်သဖြင့် ၎င်းအားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်သက်ဆိုင်ပတ်သက်သမျှ ကိစ္စအဝဝကို မိခင်ဖြစ်သူ ဒေါ်ခင့်ဇာဝေလင်း နှင့်ဆွေမျိုးသားချင်းတို့မှ လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင့်ဇာဝေလင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန္ဒာစိုး(LL.B)**
**(စဉ်-၈၅၃၇/၂၂-၁၁-၂၀၁၂)**
**တရားလွှတ်တော်ရှေ့နေ**
**တိုက်-၅၅၊ အခန်း-၁၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ဖုန်း -၀၉-၄၃၀၉၅၃၂၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊မြေကွက်အမှတ်( ဥ-၇၅၃၂)၊ မြေဧရိယာ(၀.၀၅၅)ဧက၊ မြေကွက်၏အမည်ပေါက် ဦးမျိုးမြင့် (ဘ)ဦးကျော်မောင် ISN-၅၂၇၃၈၀ ကွယ်လွန်သွားသဖြင့် တရားဝင်အမွေဆက်ခံခွင့်ရှိသော ဇနီးဖြစ်သူ ဒေါ်အေးသန်း၊ (ဘ)ဦးစော(ခ)အောင်စော၉/တသန(နိုင်)၀၈၆၇၉၃မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၂၆၈၀/၂၀၂၄)မူရင်း၊ မြေကွက်ဖိုးငွေသွင်းချလန်မိတ္တူ၊ မြေပေးမိန့်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ရဲစခန်းထောက်ခံချက်မူရင်း၊ သေဆုံးခြင်းလက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းအိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေကွက်အမှတ်(ဥ-၇၅၃၂)ကို ၎င်းအမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ၊ ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 63W/52356,Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှသန်း ၁၄/ကကထ(နိုင်)၁၅၅၈၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/70752, Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ ဦးလှမျိုးဆန်း ၁၄/မမက(နိုင်) ၁၉၈၁၅၃က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်)**
**မအူပင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3S/9996 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကြီး ၁၂/လမန(နိုင်)၁၁၅၂၀၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပဲခူး)**

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့၊ ထိန်သေးကျေးရွာနေ ဦးဇော်ဦး ၇/နတလ(နိုင်) ၁၀၀၂၆၃၏ သမီး အခြေခံပညာဦးစီးဌာနမှ မသိမ့်နွေဦး ၇/နတလ(နိုင်)၁၆၉၆၂၀ အား ယနေ့မှစ၍ မသိမ့်သိမ့်ဇော် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့၊ အထက(၁) Grade-8တွင် ပညာသင်ကြားနေသော မောင်ပိုင်သူချစ်၏ ဖခင်အမည်မှန်မှာ ဦးသောင်းထွေး ၁၄/အမန(နိုင်)၁၃၇၀၅၄ ဖြစ်ပါကြောင်း။

**ဦးသောင်းထွေး**

## အမည်ပြောင်းနှင့် ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ Moorlands ကိုယ်ပိုင်အလယ်တန်းကျောင်း၊ Grade-4 မှ မ-အမောလေးအား မငြိမ်းမြလှိုင် ဟု ပြောင်းလဲခေါ်ပါရန်နှင့် ၎င်း၏ဖခင်အမည်မှန်မှာ ဦးစိုင်းမြမောင် ၁၃/သပန(နိုင်)၀၃၆၆၃၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ Moorlands ကိုယ်ပိုင်အလယ်တန်းကျောင်း၊ Grade-5 မှ မောင်ကွမ်ရှန်ဆွတ်ဆိုင်းဒူ (ခ) မောင်ကွန်ရှန်ဆွတ်ဆိုင်းဒူ၊ Grade-3 မှ မောင်ကွမ်ရှန်ဆွတ်ဆိုင်းနော် (ခ) မောင်ကွန်ရှန်ဆွတ်ဆိုင်းနော်၊ Grade-3 မှ မောင်ကွမ်ရှန်ဇော်ဒွဲအောင် နှင့် KG တန်းမှ မဇွန်ဆိုင်းနွယ် တို့၏ ဖခင်အမည်မှန်မှာ ဦးကွန်ရှန်ဇော်ဂွန်း ၁/ကမန(နိုင်)၀၃၀၀၈၄ ဖြစ်ပါသည်။

## အမည်ဖြည့်စွက် ခေါ်ပါရန်နှင့် ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ မြစ်ကြီးနားစတား(စ်) ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-9 မှ မဂျာနန်အောင်အား မလဖိုင်ဂျာနန်အောင် ဟု အမည်ဖြည့်စွက် ခေါ်ပါရန်နှင့် ၎င်း၏ဖခင်အမည်မှန်မှာ ဦးဖရန်စစ်လဖိုင်အောင် ၁/မကန(နိုင်)၀၆၉၂၂၆ ဖြစ်ပါသည်။

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ (၂၉)ရက် (တရုတ်နှစ်သစ်ကူးနေ့)တွင် ပိတ်ထားမည်ဖြစ်ပါ၍ ၊ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး ရိက္ခာဆန်ဝယ်ယူရေး( အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အကျဉ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ကွပ်ကဲမှုအောက်အကျဉ်းထောင်/စခန်းများမှ အကျဉ်းသား/သူ၊ အချုပ်သား/သူနှင့် လုပ်အားရှင်များ စားသုံးရန် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ကျွေးမွေးရန်လိုအပ်သော ငစိန်ဆန်(၂၅%)နှင့် ၎င်းထက်အရည်အသွေးမနိမ့်သော ရိက္ခာဆန် ၂၂.၀၂၃အိတ်အား မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပေးသွင်းသူသည် ပေးသွင်းသည့်ဈေးနှုန်းနှင့် ဆန်အိတ်တန်ဖိုး၏ ၁ % ကို မြန်မာ့စီးပွားရေးဘဏ်၌ PO Cheque ပြုလုပ်၍ယှဉ်ပြိုင်သည့်ရက်၌ တင်ဒါနှင့်အတူပူးတွဲတင်ပြရမည်။

| | | |
|---|---|---|
| **တင်ဒါရောင်းချမည့်နေရာ** | - | ၁၅-၁-၂၀၂၅ရက်မှ ၂၈-၁-၂၀၂၅ရက်၊ ၁၆:၀၀ နာရီအထိ အကျဉ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး မကွေးမြို့၌ တင်ဒါပုံစံ(၁)စောင်လျှင် ၂၀၀,၀၀၀/- ဖြင့် ဝယ်ယူနိုင်ပါသည်။ |
| **တင်ဒါဖွင့်မည့်ရက်/အချိန်** | - | ၃၀-၁-၂၀၂၅ရက် (ကြာသပတေးနေ့) ၀၉၀၀နာရီ |
| **နေရာ** | | တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမကွေးမြို့ |

အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**ဖုန်း-၀၆၃-၂၈၃၈၆၊ ၀၆၃-၂၈၃၈၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ကွမ်းခြံကုန်းမြို့၊ မြို့မရပ်ကွက်၊ အကွက်(၇)၊ အုတ်ဖိုပိုင်းကွက်၊ ဦးပိုင်အမှတ် (၈၅)၊ မြေကွက်အမှတ်(၁၁၂)၊ ဧရိယာ(၁.၀၁၂)ကေ၊ မြေပိုင်ဆိုင်ခွင့် (ဘီ)မြေမျိုးအတန်း၊ မြို့မြေဟုခေါ်တွင်သည့် မူလအမည်ပေါက်သူ ဒေါ်လှကြွယ်၊ ကွယ်လွန်သူ၏မြေကွက်အား အမွေဆက်ခံသူမှ ဆက်စပ်သည့်စာချုပ်စာတမ်းများဖြင့် အပြီးအပိုင်ရောင်းချရာ ကွမ်းခြံကုန်းမြို့၊ မြို့မရပ်ကွက်၊ ဦးမြမိုးလမ်းနေ ဦးတင်ဟိန်း (ဘ) ဦးမျိုးထွန်း (၁၂/ပဘတ(နိုင်) ၀၂၈၈၁၈) နှင့် ဒေါ်မာမာဝင်း (ဘ) ဦးလှဝင်း (၁၂/ကခက (နိုင်) ၀၅၁၆၀၂)တို့မှ ကွမ်းခြံကုန်းမြို့နယ် စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၈/၂၀၂၄ဖြင့် တရားဝင်မှတ်ပုံတင်ဆောင်ရွက်၍ ဝယ်ယူခဲ့ပြီးဖြစ်ပါသဖြင့် မူလအမည်ပေါက်သူ ဒေါ်လှကြွယ်အမည်မှ ဦးတင်ဟိန်း-ဒေါ်မာမာဝင်းအမည်သို့ ပြောင်းလဲရန် ဆောင်ရွက်မည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၁)လအတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများ တင်ပြကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်ပါက သက်ဆိုင်ရာဌာနလုပ်ထုံးလုပ်နည်းများနှင့်အညီ အမည်ပြောင်းလျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်နန်းမိုခမ်းအောင်(စဥ်-၁၀၂၇၃)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်၆၀(ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၄၈၂၆၈၁**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ကွင်းအမှတ်(၁၄)၊ ဦးပိုင်အမှတ်(၂၀)၊ မြေဧရိယာ(၀ဒသမ၀၈၃)ဧကရှိ မြေကွက်သည် မူလက ဦးဖိုးစော အမည်ဖြင့် (၃၀-၆-၂၀၀၉)ရက်အထိ (၁၅)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးဖိုးစောနှင့်ဇနီးဒေါ်ချစ်တင်(၂)ဦးသည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်းတို့၏ သမီးများဖြစ်သည့် ဒေါ်ဝင်းဝင်းသန်း ၁/ဝမန(နိုင်) ၀၃၉၈၄၇၊ ဒေါ်အေးမိုးခိုင် ၁/ဝမန(နိုင်) ၀၄၀၀၈၂(၂)ဦးက(၉-၁၂-၂၀၂၄)ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၃၂/၂၀၂၄)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဒေါ်ဝင်းဝင်းသန်း ပါ(၂)ဦးအမည်ဖြင့် မြေငှားဂရန်( အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက် ၊ **Parami Valley Residence** ၊ တိုက်အမှတ် (C-4)၊ အခန်းအမှတ် (၉၀၅)၊ အကျယ်အဝန်း (၁၁၉၆)စတုရန်းပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ **Myanmar Imperial Vega Co.,Ltd** ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဥ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဥ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အကျဉ်းဦးစီးဌာန၊ နေပြည်တော်အချုပ်ထောင် ဇမ္ဗူသီရိမြို့နယ်၊ ကင်းသာ (၁/၂)၊ ကုန်ထုတ်စခန်း တပ်ကုန်းမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေရှိ အကျဉ်းသားများအတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း စားသုံးရန် လိုအပ်သော ရိက္ခာဆန် (၄၅၉၂)အိတ်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပေးသွင်းသူအနေဖြင့် တင်ဒါယှဉ်ပြိုင်သည့်ရက်၌ စပေါ်ငွေအဖြစ် ရိက္ခာဆန်အိတ် တန်ဖိုးကျသင့်ငွေ၏ ၁% ကို တင်ဒါအာမခံ စပေါ်ငွေအဖြစ် Payment Order Cheque (PO Cheque) ပြုလုပ်ပေးသွင်းရန်နှင့် မိမိပေးသွင်းမည့် ရိက္ခာဆန်နမူနာတို့အား ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့သို့ တင်ပြရပါမည်။

| | | |
|---|---|---|
| ၃။ **တင်ဒါပုံစံရောင်းချမည့် ရက်/နေရာ** | - | ၁၅-၁-၂၀၂၅ ရက်မှ ၂၈-၁-၂၀၂၅ ရက်ထိ (ရုံးချိန်အတွင်းသာ) နေပြည်တော်အချုပ်ထောင် ဇမ္ဗူသီရိမြို့နယ် |
| ၄။ **တင်ဒါဖွင့်မည့်ရက်နှင့် အချိန်/နေရာ** | - | ၃၀-၁-၂၀၂၅ ရက် နံနက် ၁၀ နာရီ ဖြစ်ပါသည်။ နေပြည်တော်အချုပ်ထောင်၊ ဇမ္ဗူသီရိမြို့နယ် |

(ရက်နှင့်အချိန်အပြောင်းအလဲရှိနိုင်ပါသည်။)

၅။ တင်ဒါတစ်စုံလျှင် ကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်း)နှုန်းဖြင့် တာဝန်ခံအရာရှိ နေပြည်တော်အချုပ်ထောင် ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့တွင် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက တာဝန်ခံအရာရှိ နေပြည်တော်အချုပ်ထောင် ဖုန်း ၀၉-၄၅၈၆၂၄၀၃၊ ၀၉-၄၂၀၃၄၄၁၂၃၊ ၀၆၇-၄၃၁၄၂၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မင်းဓမ္မပညာ့ရိပ်သာတွင် နေထိုင်သော ဒေါ်မူယာဖြူဖြူဝင်း (၁၂/သဃက (နိုင်)၀၀၀၀၈၀)မှ အများသိစေရန် ကြေညာသည်မှာ-

ကျွန်မသည် ဦးယုလွင် (၁၄/ဟသတ(နိုင်) ၁၂၄၈၇၁) နှင့် (၉-၇-၂၀၂၃) ရက်တွင် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်တရားဝင် လက်ထပ်ပေါင်းသင်းခဲ့ပြီးနောက် ဦးယုလွင်အမည်ဖြင့် ဝယ်ယူခဲ့သော မော်တော်ယာဉ် အမျိုးအစား Toyota Caldina ET 196 မော်တော်ယာဉ်အမှတ် (5D/ 4440)အဖြူရောင်ယာဉ်အား ဦးယုလွင်၏ တရားဝင်ဇနီး မယားဖြစ်သူကျွန်မအား အပြီးအပိုင် လွှဲပြောင်းပေးပြီးဖြစ်ပါသောကြောင့် အဆိုပါမော်တော်ယာဉ်နှင့် ပတ်သက်၍ ကျွန်မ၏ ခွင့်ပြုချက်မရရှိပါဘဲ မည်သူမှ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မူယာဖြူဖြူဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေလွင် (LL.B, DIL, DIPL)**
**တရားလွှတ်တော်ရှေ့နေ**
**သဃ်န်းကျွန်းမြို့နယ်တရားရုံးဝင်း၊ ဦးဘဟန်လမ်း၊ ရန်အောင်ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်းတိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၅၉၃၀၈၄၁၉၊ ၀၉-၅၀၃၄၅၈၇**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၁-၂၀၂၅ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ (စာမျက်နှာ-၂၄)ပါ ကြားဖြတ်ရွေးချယ်တင်မြောက်ပွဲ တက်ရောက်ရန် ဖိတ်ကြားခြင်းကြော်ငြာတွင် မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း (ရန်ကုန်တိုင်းဒေသကြီးရုံးခွဲ)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

